ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့၊ (28-2-2011) (ဖြေ၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ❂ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ❂ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကျောက်ချောင်းကြီးတံတား ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင် ဒေသထွက်ကုန်များ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်သဖြင့် ပြည်သူများ အဘက်ဘက်မှ ဖွံ့ဖြိုးလာမည်

တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်းနှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့ ကျောက်ချောင်းကြီးတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ပုသိမ်-ချောင်းသာလမ်းပေါ်ရှိ အရှည်ပေ ၃၆၀ ရှိ (၂၅၈)စင်းမြောက် ကျောက်ချောင်းကြီးတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ တိုင်းဒေသကြီး ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အကအဖွဲ့၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့❂

ကျောက်ချောင်းကြီးတံတား

ပုသိမ်မြို့နယ် ပုသိမ်-ချောင်းသာ လမ်းပေါ်ရှိ ကျောက်ချောင်းကြီးတံတားကို တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မျိုးသုဉ်းရန်အစိုးရိမ်ရဆုံး ရေညှော်ငှက်နှုတ်ဝိုင်းငှက် မြန်မာနိုင်ငံ၌ အများဆုံးတွေ့ရှိ

သတင်းဆောင်းပါး - ရဲဝင်းဆောင်(ကြေးမုံ)၊ ဓာတ်ပုံ - BANCA

မုတ္တမပင်လယ်ကွေ့ဒေသတွင် အဓိကနေထိုင်ကျက်စားသည့် ရေညှော်ငှက်နှုတ်ဝိုင်းငှက် (Spoon-billed Sandpiper) သည် ကမ္ဘာပေါ်၌ ကောင်ရေ ၅၀၀ ခန့်သာ ကျန်ရှိတော့သည့် မျိုးသုဉ်းရန်အစိုးရိမ်ရဆုံး စာရင်းဝင်ငှက်ဖြစ်ပြီး မြန်မာနိုင်ငံ၌ အများဆုံးတွေ့ရှိရသည့် ငှက်လည်းဖြစ်ကြောင်း သိရသည်။

ရေညှော်ငှက်နှုတ်ဝိုင်းငှက်သည် ရုရှားနိုင်ငံအရှေ့မြောက်ဘက် ချူကိုတာပြည်နယ်တွင် သားပေါက်ပြီး ဆောင်းအခါများတွင် မြန်မာနိုင်ငံအပါအဝင်

စာမျက်နှာ ၈ ကော်လံ ၁ သို့❖

၂၈-၂-၂၀၁၁
(တနင်္လာနေ့)

သုတေသနမှသည် စံချိန်မီဆေးဝါးများ ထုတ်လုပ်ရေးသို့

မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံမျှ နည်းလမ်းတကျ တိုးတက်ထွန်းကားရေး အဘက်ဘက်က အားပေးမြှင့်တင်နေသည်။ မြန်မာ့တိုင်းရင်းဆေးကို ကမ္ဘာ့အဆင့်အတန်းမီ ဆေးပညာရပ်ဖြစ်လာစေရန် လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပခြင်းအပါအဝင် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ အခါအားလျော်စွာစာတမ်းဖတ်ပွဲများကျင်းပ၍နှီးနှောဖလှယ်ခြင်းတို့ကြောင့် မြန်မာ့တိုင်းရင်းဆေးဆိုင်ရာ အကျိုးဖြစ်ထွန်းမှုများ ပိုမိုရရှိလာနေပြီဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက ဦးဆောင်ဦးရွက်ပြု၍ တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲများ ကျင်းပလျက်ရှိသည်။ ဒုတိယအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)တွင် ကျင်းပခဲ့သည်။ တိုင်းရင်းဆေးကောင်စီဝင် ဆရာကြီးများ၊ မြန်မာ့တိုင်းရင်းဆေးဆရာအသင်းဝင်များနှင့် တိုင်းရင်းဆေးသုတေသီများ ပါဝင်ဆွေးနွေးကြသည်။

တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲ၏ ထူးခြားချက်သည် သက်ဆိုင်ရာ ဘာသာရပ်ပညာရှင်များသာမက တိုင်းရင်းဆေးပညာရှင်များ၊ ဆရာဝန်များ၊ ဓာတုဗေဒပညာရှင်များ၊ ရုက္ခဗေဒပညာရှင်များနှင့် သစ်တောပညာရှင်များ စသည့်ဘာသာရပ်စုံ၊ ပညာရှင်စုံတို့ကပါဝင်ဆွေးနွေးဖလှယ်ကြခြင်းဖြစ်သည်။ စာတမ်းရှင်များသုတေသနပြု ဖော်ထုတ်တင်ပြချက်များသည် တိုင်းရင်းဆေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ သိရှိလေ့လာနိုင်ကြသည့်အပြင် ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပိုမိုအကျိုးပြုနိုင်မည် ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးနယ်ပယ်တွင် ဆေးဖုံများ(ဆေးအမယ်ပေါင်းစပ်) နှင့် ဆေးတစ်ပင်ချင်းတို့ကို ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်။ တိုင်းရင်းဆေးသမားတော်များ၊ ဆေးဝါးထုတ်လုပ်သူများအနေဖြင့် အာနိသင်ထက်မြက်သည့် ဆေးဝါးများသုံးစွဲရာတွင် အန္တရာယ်ကင်းရှင်းစွာနှင့် ပိုမိုထိရောက်စွာ အသုံးပြုနိုင်ရေး သိပ္ပံနည်းကျ သုတေသနပြုထုတ်လုပ်ကြရပေမည်။

ဆရာစဉ် သမားဆက် လက်ဆင့်ကမ်း အမွေပေးခဲ့သော မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများကို ပြည်သူအများ ယုံကြည်အားထားသုံးစွဲလာခဲ့ကြသည်မှာ ယနေ့ကာလတိုင်ဖြစ်သည်။ တိုင်းရင်းဆေးပညာရပ်များ၊ ကုထုံးများ၊ ဆေးဝါးများကို ဆက်ခံထိန်းသိမ်းစောင့်ရှောက်ရုံသာမက အာနိသင်ထက်မြက် နည်းစနစ်ကျနရေး ဆက်လက်သုတေသနပြု ဖော်ထုတ်ကြရန် တာဝန်ရှိပေသည်။

နိုင်ငံတော်က မြန်မာ့တိုင်းရင်းဆေးပညာ တိုးတက်ထွန်းကားရေး ခေတ်မီနည်းပညာများဖြင့် သိပ္ပံနည်းကျ သုတေသနပြုဖော်ထုတ်နိုင်ရန် အားပေးမြှင့်တင်နေသည်။ မြန်မာ့တိုင်းရင်းဆေးသမားတော်များ၊ ဆေးဝါးထုတ်လုပ်သူများက သုတေသနပြု စာတမ်းဖတ်ပွဲများမှသည် လက်တွေ့ထုတ်လုပ်ရေးနယ်ပယ်တွင် စံချိန်စံညွှန်းမီ ဆေးဝါးများ ထုတ်လုပ်ပေးခြင်းဖြင့် ပြည်သူများအား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးစွမ်းသွားနိုင်ကြမည် ဖြစ်ပါသည်။ ॥

M.C.G Co., Ltd. နှစ်ပတ်လည် ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

M.C.G Co., Ltd. ၏နှစ်ပတ်လည် ညစာစားပွဲနှင့် Dealers ဆိုင်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်ရှိ မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် M.C.G Co., Ltd. ဒါရိုက်တာ ဦးနေမျိုးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး CHIGO Airconditioner အကြောင်းနှင့် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် M.C.G Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာဦးကျော်စွာမြင့်နှင့် တာဝန်ရှိသူများက တစ်နှစ်အတွင်း ရောင်းအားအကောင်းဆုံးဆိုင်များအား ဂုဏ်ပြုဆုများကို ချီးမြှင့်ကြသည်။

M.C.G Co., Ltd. သည် အိမ်သုံး၊ လုပ်ငန်းသုံး၊ စက်ရုံသုံး Air-Con မျိုးစုံတို့ကို မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တရားဝင်တင်သွင်းဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီတစ်ခုဖြစ်သည်။

CHIGO Air-Con အနေဖြင့် အချိန်တိုအတွင်း အရောင်းရဆုံး Air-Con Brand အဖြစ် လူကြိုက်များ နှစ်သက်ပြီး မြန်မာနိုင်ငံ၌ သုံးစွဲသူများပြားလာခြင်းမှာ ဈေးနှုန်းသင့်တင့်မျှတခြင်း၊အရည်အသွေးကောင်းမွန်ခြင်း၊ ဝန်ဆောင်မှုကောင်းမွန်ခြင်းနှင့် အပိုပစ္စည်းအလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းတို့ကြောင့် ဖြစ်သည်။

CHIGO Air-Con မျိုးစုံအား ဝယ်ယူပြီးနောက် ဝန်ဆောင်မှုအနေဖြင့် အာမခံ (၃)နှစ် ပေးထားပြီး ပထမတစ်နှစ်တွင် ပစ္စည်း ဖိုး လက်ခအခမဲ့၊ ကျန်နှစ်နှစ်တွင် လက်ခအခမဲ့ဖြင့် သုံးစွဲသူများအဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

Warranty ကာလကျော်လွန်သွားသော Air-Con များအတွက် လိုအပ်သော ပစ္စည်းအစိတ်အပိုင်းများ အလွယ်တကူ ဝယ်ယူရရှိနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

M.C.G Co., Ltd. က တင်သွင်းရောင်းချလျက်ရှိသော Air-Con မျိုးစုံကို ဝယ်ယူလိုပါက အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ် ဆိုင်ကြီးများနှင့် ရုံးချုပ်၊ Show Room၊ Service Centre အမှတ် (202/A) အောက်ကြည့်မြင်တိုင်လမ်း အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁- ၂၂၇၀၃၄နှင့် ၇၀၅၀၆၀ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ရန်ကုန်-ပုသိမ် မီးရထားလမ်းစီမံကိန်းနှင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖြေဆိုမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် ဖေဖော်ဝါရီ ၂၁ ရက်တွင် မြန်မာ့မီးရထား တံတားအထူးအဖွဲ့က တာဝန်ယူတည်ဆောက်နေသော ရန်ကုန်-ပုသိမ်မီးရထားစီမံကိန်း၏ ပုသိမ်-အိမ်မဲကားလမ်း ခုံးကျော်လုပ်ငန်း ဆောင်ရွက်နေမှု၊ အိမ်မဲ-ကျောင်းကုန်းကားလမ်း ခုံးကျော်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ အိမ်မဲမြစ်ကူးတံတား ဘိုးပိုင်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကွန်ကရစ်ပေါင်တပ်ဆင်ရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အိမ်မဲ-ပန်းတနော်လမ်း ရေသိုး-ညောင်ဝိုင်းကျေးရွာတွင် နွေစပါးစိုက်ပျိုး ရှင်သန်ဖြစ်ထွန်းမှုနှင့် မြေသြဇာကြဲပက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အိမ်မဲမြို့ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တပ်ရင်းခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် အိမ်ထောင်စုဝင်များအား တွေ့ဆုံ၍ ရုပ်မြင်သံကြားဖမ်းစက် တစ်စုံ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝါးခယ်မမြို့နယ် ကျုံပတုတ်ကျေးရွာအနီး နွေစပါးစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးကာ နွေစပါး ရှင်သန်ဖြစ်ထွန်းမှုနှင့် ပေါင်းရှင်းခြင်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်မည့် အရှည်ပေ ၄၀ နှင့်အကျယ် ၁၂ ပေရှိ သံပေါင်ခံ သစ်သားတံတားအမျိုးအစား ကျုံပတုတ်တံတားပြင်ဆင်မည့်အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၂၂ရက်တွင် ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပသော (၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် အရာရှိ၊ အရာခံ၊ အကြပ်အဆင့်ရေးဖြေ ဖြေဆိုမှုနှင့် တပ်သားအဆင့် နှုတ်ဖြေ ဖြေဆိုနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲ၌ ငဝန်တာ(ဗောဓိကုန်း)ဝန်းတာ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဒေါင့်ကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း အိမ်မဲမြစ်ကူးတံတား ဘိုးပိုင်လုပ်ငန်းနှင့် ကွန်ကရစ်ပေါင်တပ်ဆင်ရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့မီးရထား အငြိမ်းစားများအသင်းနာယက မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ မြန်မာ့မီးရထား အငြိမ်းစားများအသင်း၏ နှစ်ပတ်လည် အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်၊ မီဒီယာနှင့်ပရိဘောဂများ ထပ်ဆင့်ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၅ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတော်ဝင်စန္ဒာကူးခန်းမ၌ ကျင်းပရာ တွံတေးမြို့နယ်အတွင်းရှိ စံ(၅)ရပ်နှင့်အညီ ဖွင့်လှစ်ထားသော စာကြည့်တိုက်များမှ တာဝန်ခံများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ်ပြန်/ဆက်)

မြန်မာ့မီးရထား အငြိမ်းစားများအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာ့မီးရထား အငြိမ်းစားများအသင်း၏ နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ၌ ကျင်းပရာ အသင်းနာယက မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့မီးရထားအငြိမ်းစားများ အသင်းသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ငွေကျပ်သိန်း ၅၀၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် မိသားစုက ငွေကျပ်ငါးသိန်းနှင့် မီးရထားဌာနမှ ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆွေးနွေး

ဆက်လက်၍ တာဝန်ရှိသူများက အသင်းနှစ်ပတ်လည် အစီရင်ခံစာ၊ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများနှင့် အထွေထွေကိစ္စရပ်တို့ကို ဆွေးနွေးတင်ပြ အတည်ပြုကြသည်။

တင်မြှောက်

ယင်းနောက် ဆွေးနွေးတင်ပြချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြပြီး ၂၀၁၁-၂၀၁၂ သက်တမ်းအတွက် ဥက္ကဋ္ဌ ဦးစိုးဝင်း(အထွေထွေမန်နေဂျာ-ငြိမ်း) ပါဝင်သော အလုပ်အမှုဆောင် ၁၉ ဦးတို့ကို ရွေးချယ်တင်မြှောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘီလူးကျွန်း ချောင်းဆုံမြို့နယ် ကမာကေး(အထက) မြတ်ဆရာပူဇော်မည်

ချောင်းဆုံ ဖေဖော်ဝါရီ ၂၇

ဘီလူးကျွန်း ချောင်းဆုံမြို့နယ် ကမာကေး(အထက) ရွှေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၂၂ ရက်(သောကြာနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ၁၉၆၀ ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ ကမာကေး အထက (ယခင် အလက)၌ ပညာသင်ကြားပို့ချပေးခဲ့သောသက်ပြည့်အငြိမ်းစားဆရာ၊ဆရာမများအား ပူဇော်မည်ဖြစ်ပါ၍ အငြိမ်းစားဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဦးအောင်ချစ် ဖုန်း-၀၉-၄၉၂၀၀၇၆၁၊ ဦးအောင်ထွန်း ဖုန်း-၀၉-၇၃၀၄၃၉၂၇၊ ဦးတင်သိန်း ဖုန်း-၀၉-၅၀၄၆၀၁၈၊ ဦးမြင့်သိန်း ဖုန်း-၀၉၅၄၀၁၀၇၉၊ ဦးထွေးသန်း ဖုန်း-၀၅၇-၂၄၁၃၁၊ ဦးအေးမောင် ဖုန်း-၀၉-၇၃၀၅၀၆၉၂၊ ဦးလှကြည် ဖုန်း-၀၉-၈၇၂၇၀၆၅၊ ဦးအင်းဟို ဖုန်း-၀၉-၇၃၀၄၃၉၅၉၊ ဒေါ်အေးအေးမြင့် ဖုန်း-၀၉-၄၉၂၉၀၈၂၉၊ ဒေါ်ထွေးဝင်း ဖုန်း-၀၉-၅၀၉၈၀၇၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရွှေဖုံးမှ

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဦးခင်မောင်မြင့်က တံတား တည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် တာဝန်ရှိသူတို့က ကျောက်ချောင်းကြီး တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းက ကျောက်ချောင်းကြီး တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုသည်။

ကျောက်ချောင်းကြီးတံတား အမျိုးအစားမှာ အပေါ်ထည် သံကူကွန်ကရစ်နှင့် အောက်ထည်ကို သံကူကွန်ကရစ်လွန်တူးပိုင် အုတ်မြစ်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း တံတားအရှည် ပေ ၃၆၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ပေ၊ ယာဉ်နှစ်လမ်းသွား၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ယခုဖွင့်လှစ်သည့် ကျောက်ချောင်းကြီး တံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက်တံတား ၂၅၈ စင်းမြောက်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး အနေဖြင့် ၅၄ စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။

ယခု ကျောက်ချောင်းကြီးတံတားကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ရန်ကုန်မြို့မှ ချောင်းသာအထိ အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်ရှိ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်ရုံသုံးပစ္စည်းများကို ယခုဖွင့်လှစ်သည့် ကျောက်ချောင်းကြီး တံတားကြီးပေါ်မှ ဖြတ်သန်းကာ တိုက်ရိုက်သယ်ယူပို့ဆောင်နိုင်တော့မည် ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံ၏ အထင်ကရ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတစ်ခုဖြစ်သော ချောင်းသာကမ်းခြေကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်သူများ အလွယ်တကူ အပန်းဖြေသွားလာနိုင်တော့မည်ဖြစ်ကာ ကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် ဒေသထွက်ကုန်များကိုလည်း လွယ်ကူလျင်မြန်စွာ ပို့ဆောင်ကုန်သွယ်နိုင်တော့မည် ဖြစ်သဖြင့် ၎င်းဒေသရှိ ပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊အုပ်ချုပ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ကျောက်ချောင်းကြီးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာန ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာန (National Poison Control Center)ရှိ ဓာတုအဆိပ်ဗေဒ သုတေသနဌာနခွဲ၊ အဆိပ်သတင်းဆိုင်ရာအခန်း၊ ဆေးဝါးဘက်ဆိုင်ရာ အဆိပ်သုတေသနဌာနခွဲ၊ အဆိပ်ပစ္စည်းများတိုင်းတာသော ဓာတ်ခွဲခန်း၊ အဆိပ်ပစ္စည်းများ ရှာဖွေဖော်ထုတ်သောဓာတ်ခွဲခန်းနှင့် ဇီဝအဆိပ်ဗေဒ သုတေသန ဌာနခွဲတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပူဇော်ကန်တော့

တွံတေးမြို့ ကျွန်းတောရပ်ကွက် တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က မိဘဂုဏ် ဘိုးဘွားရိပ်သာ ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် သက်ကြီးဘိုးဘွား ၁၀၆ ဦးတို့အား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် စုပေါင်းပူဇော်ကန်တော့ကြစဉ်။ (၃၄၂)

လုပ်ငန်းခွင်အသုံးချအင်ဂျင်နီယာဘာသာရပ်နှင့် အင်ဂျင်နီယာပညာရပ် အသုံးချကွန်ပျူတာသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

GALLANT သင်တန်းကျောင်း၌ နိုင်ငံတကာအသိအမှတ်ပြု City & Guilds အင်္ဂလန်နိုင်ငံ အင်ဂျင်နီယာ ဒီပလိုမာသင်တန်းများနှင့် "လုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာ ဘာသာရပ်နှင့် အင်ဂျင်နီယာ ပညာရပ်အသုံးချကွန်ပျူတာသင်တန်းများ" ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ လုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာဘာသာရပ်များမှာ (လတို)သင်တန်းများဖြစ်၍ အချိန်နှစ်လမှ လေးလအထိသာကြာမြင့်ပြီး ကုန်ကျစရိတ်သက်သာသည့် ဘာသာရပ်များဖြစ်သည်။

လုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာဘာသာရပ်များမှာ တီဗီ၊ ဒီဗွီဒီ၊ ဗွီစီဒီနှင့် အသုံးချအီလက်ထရွန်နစ် စက်ပြင်သင်တန်း၊ အိမ်၊စက်ရုံ၊ ဆောက်လုပ်ရေး (သင်္ဘောကျင်းဝါယာရိန်း)၊ ကုမ္ပဏီနှင့် ရုံးသုံး အဲယားကွန်းအခြေခံသင်တန်း၊ အဆင့်မြင့်ကွန်ဒို၊ အရောင်းစင်တာ၊ ဟိုတယ်အသုံးပြု အဲယားကွန်း Duct Line စက်ရုံသုံးမော်တာ ထိန်းချုပ်မောင်းနှင်သင်တန်း၊ ဂဟေဆက်သင်တန်း (3G, 4G & Low Levy) ပိုက်ပြင်၊ ပိုက်ဆက်သင်တန်း၊ Mechanical & Electrical Competency (M & E) နှင့် Computerized Numerical Control (CNC) သင်တန်းများဖြစ်ပြီး အင်ဂျင်နီယာပညာရပ် အသုံးချကွန်ပျူတာ သင်တန်းများမှာ Auto-CAD(Basic), Auto-CAD (M& E), Programmable Logic Control (PLC) နှင့် Microcontroller Course (or) PIC ဘာသာရပ်များဖြစ်သည်။

အင်ဂျင်နီယာနှင့် အင်ဂျင်နီယာ ပညာရပ် အသုံးချကွန်ပျူတာသင်တန်းများကို အခြေခံပညာ အထက်တန်းရှိသူများ၊ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့နှင့်အင်ဂျင်နီယာ (B. E, A.G.T.I) ရရှိထားပြီး လက်တွေ့ကျွမ်းကျင်မှု ဦးစားပေး သင်ကြားလိုသူများလည်း တက်ရောက်နိုင်သည်။

လုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာဘာသာရပ်(လတို) သင်တန်းများကို ပြည်တွင်း၌ ကိုယ်ပိုင်အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းတည်ထောင်လိုသူများ၊ ပြည်တွင်းလုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်လိုသူများ၊ ပြည်ပလုပ်ငန်းခွင်များတွင် ကျွမ်းကျင်အဆင့် (Skill Level) ဖြင့် အလုပ်လျှောက်ထားလိုသူများ တက်ရောက်ထားသင့်သည့် ဘာသာရပ်များဖြစ်သည်။ အင်ဂျင်နီယာဘွဲ့ ဒီပလိုမာအဆင့်ရှိ၍ လက်တွေ့ကျွမ်းကျင်လုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာဘာသာရပ်များ လေ့လာထားပြီး ပြည်ပတွင် Technician အဆင့်၊ Supervisor အဆင့်ထိ တာဝန်ထမ်းဆောင်လိုသူများ တက်ရောက်ထားသင့်သည့် ဘာသာရပ်များဖြစ်သည်။

လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်လျက်ရှိရာ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက အမှတ်(၅) ဘီ(၅) (၄)လွှာ ဦးထွန်းလင်းခြံလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၃၂၆၇၀ နှင့် ၅၃၉၄၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

(၉၃)ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိ ဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့သော (၉၃)ကြိမ်မြောက် စေတီယင်္ဂဏပရိယတ္တိ ဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသော စာအောင်သံဃာတော် အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်သည့် စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ စာအောင်ဆုနှင်းသဘင် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးစိန်ဝင်းအောင် ကိုယ်စား လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဒေါက်တာတင်သိန်းလွင်က ဂုဏပူဇာ ဖယမင်္ဂလာစာတမ်းကို ဖတ်ကြားလျှောက်ထားပြီး ပရိသတ်များက နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး သီဟိုဠ်ဦးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသထံမှ ငါးပါးသီလနှင့် သြဝါဒကထာခံယူကြသည်။

ဆက်လက်၍ သီးခြားစာချတန်းအောင် အရှင်သူမြတ် နှစ်ပါးနှင့် သီးခြားစာသင်တန်းအောင် အရှင်သူမြတ် ငါးပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းခြင်း၊ သြဝါဒါစရိယ ဆရာတော်များ၊ ပင့်သံဃာတော်များနှင့် စာအောင်သံဃာတော်များအား နဝကမ္မနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပခဲ့သော (၉၃)ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲတွင် အာဂုံပြန် ၁၂၇ ပါး ဝင်ရောက်ဖြေဆိုသည့်အနက် ၉၈ ပါး အောင်မြင်တော်မူခဲ့ပြီး ယင်းအာဂုံအောင် ၉၈ ပါးနှင့် စာချတန်း ၃၅ ပါးတို့ သဘောရေးဖြေ ဆက်လက်ဖြေဆိုကြရာတွင် သီးခြား စာချတန်းမှ သုံးကျမ်းလုံးအပြီး အောင်နှစ်ပါးနှင့် သီးခြားစာသင်တန်းမှ ငါးပါး စုစုပေါင်း ခုနစ်ပါး အောင်မြင်တော်မူကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

အနီယာလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေ ဒေါက်တာဒေါ်ခင်ကြည်က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၌ ဆောက်လုပ်လျက်ရှိသော သံဃာ့ဆေးကုသဆောင်သစ်ကြီးတွင် အသုံးပြုမည့် သံဃာလေးပါးစာခုတင်၊ မွေ့ရာ၊ ဗီရို လေးစုံအတွက် အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးမောင်တင် လက်ခံစဉ်။

(သတင်းစဉ်)

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၁၂ ရက်က လှိုင်မြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲ ကျင်းပရာ တတိယတန်းမှ ထူးချွန်ဆုသုံးဆုရ မောင်ကောင်းစည်သူအား ဆရာမကြီး ဒေါ်သန္တာသွေး ဆုချီးမြှင့်စဉ်။

(၅၄၃)

ရန်ကုန်မြို့ သာကေတမြို့နယ် အမက(၃၇) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံပညာရည်ချွန် ဆုပေးပွဲတွင် တတိယတန်းမှ ပညာရည်ထူးချွန်ဆုရ မဖြူသီရိမွန်အား မိဘဆရာအသင်း နာယက ဦးလှထွန်း ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အမေရိကန် အာကာသလွန်းပြန်ယာဉ် ဒစ္စကာဗာရီ နောက်ဆုံးခရီးစဉ်အဖြစ် အာကာသစခန်းသို့ ရောက်ရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၇

အမေရိကန်အာကာသလွန်းပြန်ယာဉ် ဒစ္စကာဗာရီသည် ကမ္ဘာပတ်လမ်းအတွင်းရှိ ဓာတ်ခွဲခန်းအတွက် မော်ဂျူးအသစ်တစ်ခု၊ ပစ္စည်းကိရိယာနှင့် ထောက်ပံ့ရေးပစ္စည်းများနှင့်အတူ နှစ်ရက်နီးပါးကြာ ပျံသန်းခဲ့ပြီးနောက် စနေနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိခဲ့ကြောင်း အမေရိကန် နာဆာအဖွဲ့က ထုတ်ပြန်ကြေညာသည်။

အာကာသယာဉ်နှစ်စင်းသည် ဒေသစံတော်ချိန် မွန်းလွဲ ၂း၁၄ နာရီတွင် ချိတ်ဆက်ခဲ့ပြီး ဩစတြေးလျနိုင်ငံ ဝေဟင်အထက်မိုင် ၂၂၀ အမြင့်မှ ပျံသန်းလျက်ရှိကြောင်း နာဆာအဖွဲ့က ပြောကြားသည်။

ကြာသပတေးနေ့ မွန်းလွဲက ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ လွှတ်တင်ခဲ့သော ဒစ္စကာဗာရီလွန်းပြန်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းသို့ ကုန်လှောင်ရုံခန်းတစ်ခု ပေးပို့ခဲ့ခြင်းဖြစ်ပြီး ယင်းအာကာသယာဉ်အတွက် နောက်ဆုံးပျံသန်းသည့်ခရီးစဉ်လည်း ဖြစ်သည်။

ယင်းခရီးစဉ်သည် ဒစ္စကာဗာရီ အာကာသယာဉ်အတွက် ၃၉ ကြိမ်မြောက် ပျံသန်းခြင်းဖြစ်ပြီး အာကာသလွန်းပြန်ယာဉ် သုံးစင်းအနက် ယခုနှစ်၌ ပထမဆုံး ပျံသန်းမှု အနားပေးမည့် အာကာသယာဉ်လည်း ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။



အညံ့ပျောက်စေရန် ဆေးဖယောင်းတိုင်ထွန်းရာမှ မီးလောင်၍ အငြိမ်းစားဆရာမတစ်ဦး သေဆုံးရ

နယူးယောက် ဖေဖော်ဝါရီ ၂၇

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် လွန်ခဲ့သောရက်သတ္တပတ်က ဖြစ်ပွားခဲ့သည့် အငြိမ်းစား ကျောင်းဆရာမတစ်ဦး သေဆုံးခဲ့ရသော တိုက်ခန်းမီးလောင်ကျွမ်းမှုသည် ယတြာချေရန်အတွက် ဆေးဖယောင်းတိုင်ထွန်းရာမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း မြို့တော်တာဝန်ရှိသူများက ပြောကြားသည်။

ဘရွတ်ကလင်း ရပ်ကွက်ရှိ အမျိုးသားတစ်ဦး၏ တိုက်ခန်းသို့ အမျိုးသမီးတစ်ဦးရောက်ရှိလာကာ ရိုးရာအစဉ်အလာ ဗူးဒူးမှော်ပညာဖြင့် အဆောင်အယောင်အစီးအနင်းများ ပြုလုပ်ခဲ့ကြောင်း၊ ကြမ်းပြင်ပေါ်တွင် ထွန်းထားသည့် ဖယောင်းတိုင်လဲကျကာ အခင်းလိုင်နင်များကို မီးစွဲလောင်ခဲ့ရာမှ စတင်၍ မီးလောင်ခဲ့ကြောင်း၊ ဖလက်ဘုရှ်ရပ်ကွက်ရှိ အိမ်နီးချင်းများက ဂိုဏ်းဆရာတစ်ဦးအဖြစ် သိထားကြသော အဆိုပါအမျိုးသားကို အမျိုးသမီးက ဒေါ်လာ ၃၀၀ ညဏ်ပူဇော်ခဲ့ရကြောင်း မြို့တော်တာဝန်ရှိသူများက ပြောကြားသည်။

အမျိုးသားက မီးကိုရေချိုးခန်းမှ ရေဖြင့်ငြိမ်းသတ်ရန် ကြိုးပမ်းခဲ့သော်လည်း မီးမှာလျင်မြန်စွာ ကူးစက်လောင်ကျွမ်းခဲ့ပြီး အဆိုပါတိုက်ခန်းတွဲ၌ နေသည့် အသက် (၆၄)နှစ်အရွယ်ရှိ မာရီဝေဂင်မှာ မီးထဲတွင် ပိတ်မိကာ သေဆုံးခဲ့ရသည်။

မီးလောင်ကျွမ်းမှုကြောင့် တိုက်ခန်းနေသူ ၁၁ ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့ ဒဏ်ရာများရရှိကာ အိမ်ထောင်စုဝင် ၅၀ တို့ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသည်။ အင်တာနက်။

အွန်လိုင်းပေါ်မှ မိန်းကလေးအတွက် ဒေါ်လာ နှစ်သိန်း ဆုံးရှုံးရ

နက်ပါဗီးလ် ဖေဖော်ဝါရီ ၂၇

အမေရိကန်ပြည်ထောင်စု အီလီနွိုက်ပြည်နယ် နက်ပါဗီးလ်မြို့ အနောက်ဘက်ဆင်ခြေဖုံးရပ်ကွက်မှ အသက် (၄၈)နှစ်အရွယ် အမျိုးသားတစ်ဦးသည် ၎င်းတစ်ခါမှ မမြင်ဖူးသည့် အင်တာနက်အွန်လိုင်းပေါ်မှ မိန်းကလေးမိတ်ဆွေတစ်ဦးအတွက် နှစ်နှစ်ခွဲခန့်ကြာအောင် ငွေကြေးများ ပေးပို့ထောက်ပံ့ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အမည်ဖော်ပြမထားသော အဆိုပါ နက်ပါဗီးလ်မြို့သားကမိမိသည် အဆိုပါ မိန်းကလေးနှင့် လွန်ခဲ့သော နှစ်နှစ်ခွဲက စတင်၍ အွန်လိုင်းပေါ်တွင် တွေ့ခဲ့ကြောင်း၊ ၎င်းတို့နှစ်ယောက် ဆက်ဆံမှုစတင်ကတည်းကစ၍ အဆိုပါ မိန်းကလေးအတွက် နိုင်ဂျီးရီးယား၊ မလေးရှား၊ အင်္ဂလန်နှင့် အမေရိကန်ပြည်ထောင်စုရှိ ဘဏ်များမှ သူမ၏ ငွေစာရင်းများထဲသို့ စုစုပေါင်း ဒေါ်လာနှစ်သိန်းခန့် ပေးပို့ခဲ့ကြောင်း ရဲတပ်ဖွဲ့သို့ ပြောကြားသည်။

အဆိုပါ အမျိုးသားက ယခုရက်သတ္တပတ်အတွင်း ရဲတပ်ဖွဲ့သို့ ဆက်သွယ်ကာ မိမိ၏ မိန်းကလေးမိတ်ဆွေမှာ ယခုအခါ လန်ဒန်မြို့တွင် ပြန်ပေးဆွဲခံထားရခြင်းကြောင့် ကယ်ဆယ်ပေးပါရန် အမှုဖွင့်ရာမှ အဆိုပါ မိန်းကလေးမှာ ပြင်ပတွင် တကယ်မရှိကြောင်း သိရှိခဲ့ရသည်။ အင်တာနက်။

ဆီးရီးယားသို့ ရုရှားဒုံးကျည်ရောင်းမည်

မော်စကို ဖေဖော်ဝါရီ ၂၇

ဆီးရီးယားနိုင်ငံသို့ အနိမ့်ပျံ ပဲ့ထိန်းဒုံးကျည် (ခရုဇ်ဒုံးကျည်)များ ရောင်းချသည့်စာချုပ်ကို အစ္စရေးနိုင်ငံက ပြင်းထန်စွာဝေဖန်ပြစ်တင်နေသော်လည်း စာချုပ်ပါအတိုင်း လိုက်နာဖြည့်ဆည်းရန်ရည်ရွယ်ကြောင်း ရုရှားအစိုးရက စနေနေ့တွင် ကြေညာခဲ့သည်။

အဆိုပါ စာချုပ်ကို အကောင်အထည်ဖော်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး အနာတိုလီ ဆာဂျူးကော့ဗ်၏ ပြောကြားချက်ကို သတင်းဌာနများက ကိုးကားဖော်ပြကြသည်။

၂၀၁၀ ခုနှစ် စက်တင်ဘာလအတွင်း၌ ဆာဂျူးကော့ဗ် ထုတ်ဖော်ကြေညာခဲ့သည့် အငြင်းပွားဖွယ် ရောင်းဝယ်ရေးစာချုပ်အရ ဆီးရီးယားနိုင်ငံသို့ သင်္ဘောဖျက် "ရာခွန့်" ခရုဇ်ဒုံးကျည်များ သင်္ဘောဖြင့် အမြောက်အမြား တင်ပို့ရန် ရုရှားနိုင်ငံက ကနဦးတွင် သဘောတူထားခဲ့ပြီးဖြစ်သည်။

ထိုသို့ ကာကွယ်ရေးဝန်ကြီး ထုတ်ဖော်ပြောကြားချက်သည် အစ္စရေးနှင့် အမေရိကန်နိုင်ငံတို့ကို ဒေါသထွက်စေခဲ့သည်။ ရုရှားနိုင်ငံအနေဖြင့် ကမ္ဘာ့အခြေအနေအကြောင်းများကြောင့် ယင်းစာချုပ်ကို ပယ်ဖျက်မည်ဟု အများက ယူဆခဲ့ကြသည်။

အီရန်နိုင်ငံနှင့် ရင်းနှီးစွာ ဆက်ဆံသည့် ဆီးရီးယားနိုင်ငံသို့ ရုရှားကတင်ပို့လိုက်သည့် ဒုံးကျည်များသည် အိမ်နီးချင်း လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာပြောက်ကျားများကို ထောက်ပံ့ရန်ရည်ရွယ်သည်ဟု အစ္စရေးက ရှုမြင်သည်။ ထိုအငြင်းပွားသည့် စာချုပ်ပါတန်ဖိုးသည် အနည်းဆုံး အမေရိကန်ဒေါ်လာ သန်း ၃၀၀ ဖိုးရှိ၍ ဆီးရီးယားနိုင်ငံက စုစုပေါင်း ဒုံးကျည် ၇၂ စင်း ရရှိမည်ဖြစ်သည်။

သို့သော် ရုရှားနိုင်ငံက "ရာခွန့်" ခရုဇ်ဒုံးကျည်များ ပေးပို့မည့်နေ့ရက်ကို တရားဝင် အတည်ပြုပြောဆိုခြင်း မပြုပေ။

စနစ်တစ်မျိုးလျှင် "ရာခွန့်" ဒုံးကျည် ၃၆ စင်း ပါဝင်နိုင်သည့် ကမ်းခြေကာကွယ်ရေး ဒုံးကျည်စနစ်နှစ်ခုကို ဆီးရီးယားသို့ ရုရှားက တင်ပို့ခဲ့ပြီးဖြစ်ကြောင်း အမည်မဖော်လိုသူ စစ်ဘက်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ အင်တာဖက်စ်သတင်းဌာနက ဖော်ပြခဲ့သည်။ **အေအက်ဖ်ပီ။**

ရုရှားလုပ် အနိမ့်ပျံ ခရုဇ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်နေစဉ်။

အာဖဂန်နစ္စတန်တွင် ကနေဒါသူလျှို တာလီဘန်များ ဖမ်းမိဟုဆို

ကဘူး ဖေဖော်ဝါရီ ၂၇

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ရန်သူသူလျှိုများ ရှင်းလင်းရန် ၎င်းတို့၏ စစ်သွေးကြွများက စစ်ဆင်ရေး ဆင်နွှဲစဉ် ကနေဒါသူလျှိုတစ်ဦးကို ဖမ်းဆီးရမိကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူက တနင်္ဂနွေနေ့တွင် ကြေညာသည်။

မကြာသေးမီ ရက်များအတွင်း၌ ရူသာဖို့ဒ်ကိုလင်းမက္ကင်ဇီဟု ခေါ်သည့် အဆိုပါသူလျှိုသည် ဂါဇနီမြို့၌ လျှို့ဝှက်သတင်းများ လိုက်လံစုဆောင်းနေစဉ် ဖမ်းမိခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

၎င်းနှင့်အတူ ဓာတ်ပုံများ၊ စာရွက်စာတမ်းများ သိမ်းဆည်းရမိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အင်တာနက်။

အီရတ်ရေနံချက်စက်ရုံ တိုက်ခိုက်ခံရ၍ ပိတ်ထား

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၇

နံနက်စောစောပိုင်းက အီရတ်နိုင်ငံ၏ အကြီးဆုံး ရေနံချက်စက်ရုံ (ဘိုင်ဂျီ)ကို သေနတ်များ၊ ဗုံးများဖြင့် တိုက်ခိုက်လာသည့်အတွက် ယင်းရေနံချက်စက်ရုံကို ပိတ်ထားလိုက်ရကြောင်း၊ ယင်းတိုက်ခိုက်ခြင်းကြောင့် အမှုထမ်းငယ်နှစ်ဦး သေဆုံးခဲ့ကြကြောင်း တာဝန်ရှိသူက ပြောသည်။

ယင်းစက်ရုံသည် ဘဂ္ဂဒက်မြို့မြောက်ဘက် ဆာလာဟာဒင်ပြည်နယ်၌ တည်ရှိပြီး ဒေသစံတော်ချိန် နံနက် ၄း၃၀ နာရီတွင် စက်ရုံအတွင်း သောင်းကျန်းသူများထောင်ထားသည့် ဗုံးပေါက်ကွဲခဲ့သည်။

ပေါက်ကွဲမှုပြင်းထန်သဖြင့် မီးလောင်မှုဖြစ်ပေါ်ခဲ့ပြီး အဆောက်အအုံမှာ ကြီးမားစွာ ပျက်စီးသွားခဲ့သည်ဟု တာဝန်ရှိသူများက ပြောသည်။

ဘိုင်ဂျီသည် အီရတ်နိုင်ငံ၏ အကြီးဆုံးရေနံချက်စက်ရုံ သုံးရုံရှိသည့်အနက် တစ်ခုအပါအဝင်ဖြစ်သည်။ ကျန်နှစ်ရုံမှာ မြို့တော်ဘဂ္ဂဒက်နှင့် ဘာဆရာမြို့များတွင် တည်ရှိသည်။

ဘိုင်ဂျီသည် တစ်ရက်လျှင် ရေနံစည် ၁၅၀၀၀၀ ချက်လုပ်နိုင်သည်ဟု ဆိုသည်။ **အင်တာနက်။**

တည်ငြိမ်မှု ကင်းမဲ့နေဆဲဖြစ်သော ကန်ဒါဟာပြည်နယ်တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး။

အာဖဂန်နစ္စတန်တောင်ပိုင်း၌ ကျင်းပသည့် ခွေးတိုက်ပွဲတွင် ဗုံးများပေါက်ကွဲ ကျေးရွာသားများနှင့် ရဲတပ်ဖွဲ့ဝင်များအပါအဝင် လူ ၁၀ ဦး သေဆုံး

အာဂန်ဒက်ဘ် ဖေဖော်ဝါရီ ၂၇

အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဒါဟာမြို့တော် ဆင်ခြေဖုံး အာဂန်ဒက်ဘ်ခရိုင်တွင် ကျင်းပသည့် တရားမဝင်ရိုးရာခွေးတိုက်ပွဲကို ကြည့်ရှုရန် ရောက်ရှိနေကြသည့် ရွာသားများကြားတွင် ဗုံးပေါက်ကွဲမှုများ ဖေဖော်ဝါရီ ၂၇ ရက်က ဖြစ်ပွားရာ လူ ၁၀ ဦး သေဆုံးခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားသည်။

ရွာသားများနှင့် ရဲကားတစ်စီးတို့ကို ဦးတည်၍ ဖောက်ခွဲခဲ့သည့် အဆိုပါ ဗုံးပေါက်ကွဲမှုများကြောင့် ဒေသခံပြည်သူ ရှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးတို့ သေဆုံးခဲ့ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဇာမာရိုင်ဘာရှာရီက ပြောကြားသည်။

ယခုလအတွင်း တာလီဘန်ဦးဆောင်သော ဖောက်ခွဲမှုများနှင့် အသေခံတိုက်ခိုက်မှုဖြစ်စဉ်များကြောင့် လူ ၁၀၀ ကျော် သေဆုံးခဲ့ရပြီးနောက် ယခုဖြစ်ရပ်အပါအဝင် သေဆုံးသူအများစုမှာ အရပ်သားများသာ ဖြစ်သည်။

ပေါက်ကွဲမှုနှစ်ခုအနက် တစ်ခုမှာ လူအုပ်အလယ်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး နောက်တစ်ခုမှာ အနီးရှိလမ်းဘေးတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ အရပ်သားရှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးတို့ သေဆုံးခဲ့ကြောင်း၊ အခြားအရပ်သား ၁၂ ဦးနှင့် ရဲတပ်ဖွဲ့ဝင်ငါးဦးတို့မှာ ဒဏ်ရာရရှိခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အေအက်ဖ်ပီ။**

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း မြန်မာ့သတင်းအချက်အလက်နည်းပညာ ကော်ပိုရေးရှင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေး တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မြန်မာ့သတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်း လီမိတက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နဝမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာအဆောက်အအုံ (Myanmar Info-Tech) ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကွန်ပျူတာအသင်းချုပ်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာအင်ဖိုတက်ခ် ဒါရိုက်တာအဖွဲ့ဝင်များနှင့် အစုရှယ်ယာရှင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးနှင့်အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်းတို့က အမှာစကားပြောကြားကြပြီး မြန်မာအင်ဖိုတက်ခ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း မြန်မာ့သတင်း အချက်အလက်နည်းပညာကော်ပိုရေးရှင်းလီမိတက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နဝမအကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈-၂-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၂၀ ၅။ ဓမ္မပူဇာတေး
- ၇း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၇။ မြန်မာ့ရှုခင်း
- ၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၆။ စိုက်ပျိုးသုတ
- ၄း၃၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၄၅ ၈။ ဗွီစီဒီကျော်ကြားတေး
- ၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၁၉)**
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၁၄)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ Talk Of The Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျဉ်းပြိုင်များ (အပိုင်း-၁၂)**
- ၂၄။ Mini Series
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

စစ်တက္ကသိုလ် အမှတ်စဉ်(၂၁) ဗိုလ်လောင်းသင်တန်း (၃၁)နှစ်မြောက် ကျောင်းဆင်းပွဲ၊ စတုတ္ထအကြိမ်မြောက် ကုသိုလ်ပြုပွဲနှင့် အာစရိယပူဇော်ပွဲ အထိမ်းအမှတ်အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် ၃၁၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အတွင်းရေးမှူး ဦးသိန်းအောင်တို့ လက်ခံစဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာစစ်တုရင် အလွတ်တန်း(တစ်ဦးချင်း)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၁၁ ခုနှစ် မြန်မာ့ရိုးရာစစ်တုရင် အလွတ်တန်း (တစ်ဦးချင်း)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲ၌ ဒသမဆုရ မြင့်ဝင်း (ကာကွယ်ရေး)နှင့် နဝမဆုရ ကျော်မြင့်လေး (လယ်ယာ/ဆည်မြောင်း)တို့အား မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးခင်မောင်ဦးက လည်းကောင်း၊ အဋ္ဌမဆုရ မြင့်ဟန်(ပို့ဆောင်ရေး)အား အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး (ညွှန်ကြားရေးမှူး) ဦးတင်ဝင်းက လည်းကောင်း၊ သတ္တမဆုရ အောင်ကျော်အေး (ယုဇန)နှင့် ဆဋ္ဌမဆုရ မျိုးနိုင်(ပို့ဆောင်ရေး)တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ယှဉ်/လေ့) ဦးကျော်ဆန်းဦးက လည်းကောင်း၊ ပဉ္စမဆုရ စိုးမင်းကျော် (ကြည့်မြင်တိုင်)နှင့် စတုတ္ထဆုရ မောင်မောင်လတ် (မြန်မာနိုင်ငံရဲတပ်ဖွဲ့)တို့အား အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး (ကွင်း/ရုံ) ဦးထွန်းမြင့်ဦးက လည်းကောင်း၊ တတိယဆုရ ငြိမ်းချမ်း (လယ်ယာ/ဆည်မြောင်း)၊ ဒုတိယဆုရ ဇော်ဝင်းလေး (လယ်ယာ/ဆည်မြောင်း)နှင့် ပထမဆုရ ဝင်းဇော်ထွန်း (လယ်ယာ/ဆည်မြောင်း)တို့အား Future Engineering Group မှ ဥက္ကဋ္ဌ ဦးခင်မောင်ဟန်က လည်းကောင်း ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တတိယဆုရ ငြိမ်းချမ်း (လယ်ယာ/ဆည်မြောင်း) အား မြန်မာ့ရိုးရာစစ်တုရင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က လည်းကောင်း၊ ဒုတိယဆုရ ဇော်ဝင်းလေး (လယ်ယာ/ဆည်မြောင်း) အား မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လည်းကောင်း၊ ပထမဆုရ ဝင်းဇော်ထွန်း (လယ်ယာ/ဆည်မြောင်း)အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လည်းကောင်း ဆုဖလားရုပ်တုများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၄ ရက်က အင်းစိန်မြို့နယ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်းမှ ဘာသာစုံပထမ ထူးချွန်ဆုရ အမက(၁၂)မှ မမေချမ်းမြေ့သူအား မြို့နယ်ပညာရေးမှူး ဦးမြင့်စိန် ဆုချီးမြှင့်စဉ်။ (ပညာရေး)

သဘာဝဘေးအန္တရာယ်လျော့ချရေးအတွက် GIS နှင့် Remote Sensing နည်းပညာအသုံးချသင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု အခြေအနေသုံးသပ်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ် ပေါ်ပေါက်လာသည့်အခါ ဆုံးရှုံးမှုနည်းပါးစေရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြုပြီး ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (Myanmar Engineering Society-MES) နှင့် Myanmar Credent Technology တို့ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်လျော့ချရေးအတွက် GIS နှင့် Remote Sensing နည်းပညာအသုံးချသင်တန်း (GIS and Remote Sensing Applications for Disaster Risks Reduction) သင်တန်းကို ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းကို မတ် ၁၂၊ ၁၃၊ ၁၉၊ ၂၀၊ ၂၆ နှင့် ၂၇ ရက်(စနေ၊ တနင်္ဂနွေ) နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၌ ရက်သတ္တသုံးပတ် (သင်တန်းကာလခြောက်ရက်)ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

သင်တန်းတွင် သဘာဝဘေးအန္တရာယ်အမျိုးအစားများ၊ သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေသုံးသပ်ချက်၊ လိုအပ်သောသတင်းအချက်အလက်များ စုဆောင်းရယူခြင်း၊ သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ဖြစ်ပေါ်နိုင်သော ပျက်စီးဆုံးရှုံးမှုအမျိုးမျိုး၊ ကြိုတင်ပြင်ဆင်ကာကွယ်မှု၊ စောင့်ကြည့်လေ့လာမှု၊ စီမံခန့်ခွဲမှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုနည်းပါးစေရန်အတွက် အချိန်တိုအတွင်း စီမံချက်များရေးဆွဲခြင်း၊ အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ခေတ်မီနည်းပညာများဖြစ်သည့် ပထဝီဝင်သတင်းအချက်အလက်စနစ် (သို့မဟုတ်)သတင်းအချက်အလက်မြေပုံစနစ် (GIS Geographic Information System) နှင့် ဂြိုဟ်တုဓာတ်ပုံ၊ ကောင်းကင်ဓာတ်ပုံ အသုံးချခြင်း (Remote Sensing) နည်းပညာများကို သင်ကြားပို့ချပေးမည်ဖြစ်သည်။

သဘာဝဘေးကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်လျက်ရှိသော အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များနှင့် ကျောင်းသားများအတွက် သင်တန်းကြေး ၂၀ ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်သည်။

အစိုးရဝန်ကြီးဌာနများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ သင်တန်းကျောင်းများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများတွင် GIS သင်တန်းများကို သီးသန့်လာရောက်သင်ကြားပေးစေလိုပါကလည်း ဆက်သွယ်နိုင်သည်။

အသေးစိတ်သိရှိလိုပါက Myanmar Credent Technology အဆောင်(၁) အခန်း(၇) မြန်မာအင်ဖိုတက်ခ် ဖုန်း-၆၅၂၂၈၅၊ ၆၅၂၂၈၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ သင်တန်းသား ဦးရေ ၂၀သာ လက်ခံသင်ကြားမည်ဖြစ်သဖြင့် တက်ရောက်လိုသူများသည် မတ် ၁၁ရက်နောက်ဆုံးထားပြီး မှတ်ပုံတင်ကြရမည်ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ (၁၂) ကြိမ်မြောက် နှစ်ပတ်လည် ဗဟိုကော်မတီအစည်းအဝေးကို မတ် ၁၅ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ရုံးချုပ်) သင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌများထံ ဖိတ်စာများ ပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ဖိတ်စာမရရှိပါကလည်း အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မီးမှန်သမျှ သုံးတတ်က မချမ်းဘေး စဉ်ကင်းဝေး

ကွန်ကရစ်တံတား တည်ဆောက်

ဘုတလင်မြို့ ဗန္ဓုလရပ်ကွက် အမှတ်(၇)လမ်းတွင် အကျယ် ၁၆ ပေ၊ အရှည် ၁၀ ပေ သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးလွင် ဖေဖော်ဝါရီ ၆ ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇင်မင်းအောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

တတ် ဖတ် မှတ် မြတ်

တတ်

တတ် ဟူသည် စာတတ်ခြင်းကို ဆိုပါ၏။ ယနေ့ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ရာနှုန်းပြည့်လုအထိ မြင့်မားလာနေလျက်ရှိ၏။ သက်ကြီးစာတတ်မြောက်မှုနှုန်းသည်ပင် ၉၄ ရာခိုင်နှုန်းအထက် တက်လာလျက်ရှိနေပြီ။

ဖတ်

ဖတ် ဟူသည် စာဖတ်ခြင်းကို ဆိုပါ၏။ စာတတ်ပြီးသူ၏ တူရူသည် စာဖတ်ခြင်းဖြစ်၍ တူရူသို့ မလွဲမသွေလားရမည်ဖြစ်၏။ တူရူသို့လားကာ စာများများဖတ်လေလေ အသိပညာဗဟုသုတများ တိုးပွားလာလေလေဖြစ်ပြီး ယင်းသုတပညာများက ဖတ်သူဘဝကို အမြင့်သို့ မြှင့်တင်ပေးသည့် မြှင့်အားများ ဖြစ်လာလေ၏။

ဖတ်စရာ

စာတတ်သူ ဖတ်ဖို့အတွက် ဖတ်စရာတွေက ယနေ့ကာလဝယ် အများအပြားပေါ်ထွက်လာလျက်ရှိနေ၏။ နေ့စဉ်ထုတ် သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်များ၊ လစဉ်ထုတ် မဂ္ဂဇင်းများနှင့် စာအုပ်စာပေပေါင်း များစွာ များစွာ ရက်စဉ်ပေါ်ထွက်လျက်ရှိ၏။

လွန်ခဲ့ပြီး ၂၀၁၀ ခုနှစ်အတွင်း ထွက်ရှိသည့် ဂျာနယ်အမျိုးအစားပေါင်းသည်ပင် ၁၅၂ မျိုးအထိရှိပြီး အခြားစာအုပ်စာပေပေါင်းနှင့်ပါဆိုလျှင် အမျိုးအစား ၂၀၀ ခန့်ရှိကြောင်း လေ့လာသိရှိရပါ၏။ သည်စာတွေက မြို့ပြများမှာသာ ပျံ့နှံ့နေခြင်းမဟုတ်ဘဲ ကျေးလက်ဒေသများအထိ ပြန့်ပွားနေခြင်းဖြစ်သောကြောင့် တတ်သူဖတ်ဖို့ ဖတ်စရာတွေ တစ်ပုံတစ်ပင် စုံလင်နေပါသည်။

ဖတ် နေရာ

ဖတ်ဖို့-နေရာ။

စာတတ်သူ စာဖတ်ဖို့နေရာတွေကလည်း လက်လှမ်းတမီအတွင်း အများအပြားတည်ရှိနေပါကုန်၏။ မိမိအိမ်နှင့် ဝန်းကျင်အိမ်များတွင် သတင်းစာနှင့် ဂျာနယ်များရှိနေမည်ဖြစ်၏။ ခဏတစ်ဖြုတ် ဝင်ထိုင်သည့် လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်တွေမှာပင် ဖတ်စရာတွေ ရှိနေမည်ဖြစ်၏။ ဘုရားကျောင်းကန်သို့ သွားဦးတော့ မိမိကို တကယ်စာဖတ်သူ၊ စာဖတ်ဝါသနာပါသူဟု ဆရာဘုန်းကြီးက သိနေလျှင် ဆရာဘုန်းကြီးကိုယ်တိုင်ကပင် "ရော့--ဒီစာအုပ်ကောင်းတယ် ဖတ်ဦး" ဟု ဖတ်စရာ အသင့်ထုတ်ပေးမည်သာဖြစ်၏။

ရတနာစည်ဆရာတော် (လှိုင်လင်)

ယင်းအပြင် စာကြည့်တိုက်တွေကလည်း အသင့်ဖိတ်ခေါ်နေသည်သာဖြစ်၏။ ယနေ့ကာလဝယ် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ဦးဆောင်လျက် အစိုးရနှင့် ပြည်သူများ ပူးပေါင်းရလဒ်အဖြစ် မြို့ပြရပ်ကွက်များ၌သာမက ကျေးလက်များအထိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ပေါ်ထွန်းတည်ရှိလာနေရာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကျေးရွာပေါင်းခြောက်သောင်းကျော်အနက် ကျေးရွာပေါင်း ၅၅၇၅၅ ရွာ၌ စာကြည့်တိုက်များ ဖြစ်ထွန်းလာနေပါပြီ။ စာတတ်သူ စာဖတ်ဖို့ နေရာကောင်းများ ဖြစ်ပါကုန်၏။

ဖတ် နေရာတွေ တည်ဖို့ တိုးဖို့

စာတတ်သူဖတ်ဖို့ နေရာများဖြစ်သည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အပါအဝင် ရပ်ကွက်စာကြည့်တိုက် များ၊ ကျောင်းစာကြည့်တိုက်များ၊ စာပေဝါသနာရှင်တွေပေါင်းစည်းထူထောင်ထားသည့် စာကြည့်တိုက်များ၊ ဝါသနာနှင့် စေတနာသာမက ခနဉစ္စာပါရင်းနှီးတည်ထောင်ထားသည့် ကိုယ်ပိုင်စာကြည့်တိုက်များ စသည်ဖြင့် စာကြည့်တိုက်များတည်ရှိလာရေး၊ တိုးပွားလာရေး၊ စာကြည့်တိုက်များ၌ မီဒီယာပစ္စည်းများ ပြည့်စုံလာရေးတို့ အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသော ကောင်းသတင်း များကို မကြာခဏ သတင်းစာများ၌ ဖတ်ရှုသိရှိနေရခြင်းကလည်း ဖတ်အားတွေ တိုးစေဖို့ ဖြစ်ပါ၏။

ဂျာနယ်တိုက်ပိုင်ရှင်များ၊ စာတည်းမှူးများ၊ စာရေးဆရာများ၊ စာပေစေတနာရှင်များက သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်စာကြည့်တိုက်များနှင့် ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းပွဲကို ၁၆-၁-၂၀၁၁ ရက်နေ့၌ ကျင်းပခဲ့ကြရာ အလှူတန်ဖိုးမှာ ငွေကျပ် ၁၈၇ သိန်း ကိုးသောင်း ရှစ်ထောင်ငါးရာ ကိုးဆယ်ဖြစ်၏။ ၁၇-၁-၂၀၁၁ ရက်နေ့၌လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနသို့ စာအုပ်စာစောင်များ၊ မီဒီယာပစ္စည်းများလှူဒါန်းရာ စုစုပေါင်းအလှူတန်ဖိုးမှာ ငွေကျပ် ၄၄၈ သိန်း ငါးသောင်းလေးထောင် ဖြစ်၏။

မှတ်သားအပ်သော အမှာစကား

ဖော်ပြပါ ပညာဒါန အခမ်းအနားများသို့ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်ချီးမြှောက်၍ အမှာစကားပြောကြားရာတွင် အောက်ပါ ကောက်နုတ်ချက်များသည် စာပေလောကသားများ အပါအဝင် ပြည်သူများမှတ်သားရမည့် အိတ်ဆောင်စကားများ ဖြစ်၏-

*** ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်ရာဝယ် မြေ၊ အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်စာစောင်များ၊ ရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယို စုစုပေါင်း တန်ဖိုးမှာ ၁၁ ဒသမ ၉ ဘီလီယံ ကျော်ရှိ။**

*** ယင်းစာကြည့်တိုက်များ စံ(၅)ချက်နှင့် ပြည့်စုံစေရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့်အတူ ပြည်သူများ၊ စာပေပညာရှင်များ၊ လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းကို ၁၅-၅-၂၀၁၀ တွင် ဖွဲ့စည်းတည်ထောင်ထားရှိ။**

*** ဤဖောင်ဒေးရှင်းသည် တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သည့် လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်သွားမည်။**

*** ဖောင်ဒေးရှင်း၏ အနာဂတ် မျှော်မှန်းချက်(၃)ရပ်-**

၁။ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းအစဉ်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး။

၂။ ပြည်သူလူထုကို အခြေခံသည့်နည်းဖြင့် ရန်ပုံငွေရှာဖွေမည်ဖြစ်၍ ပြည်သူအားလုံးက လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်လာရေး။

၃။ ကျေးရွာစာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်အောင်မြင်ပြီးနောက်တွင် ကျေးလက်ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးနိုင်ရေး။

စေတနာလမ်းပေါ် ဆက်လှမ်းပါ

ဖော်ပြပါအတိုင်း နိုင်ငံတော်အပိုင်းမှ ပြည်သူများ စာတတ်အောင်၊ စာဖတ်အောင် အခြေခံအဆောက်အအုံများ ခိုင်မာစွာပေါ်ထွန်းလာရေးအတွက် စေတနာအပြည့်ဖြင့် တည်ဆောက်ပေးထားပြီးဖြစ်ရာ စေတနာလမ်းပေါ် ဆက်၍ ဆက်ကာ လျှောက်လှမ်းရန်မှာ စာဖတ်သူ ဝန်တာဖြစ်လာပါပြီ။ ဖတ်ပါကုန်၊ မှတ်ပါကုန်။

မှတ်

တတ်၍ဖတ်လာသောအခါ မှတ်ဉာဏ်သည် မထင်မှတ်လောက်အောင် ပွင့်လင်းလာကြောင်း ကိုယ်တွေ့သိရှိလာပါမည်။ အဘိဓမ္မာသဘောတရားအရ သညာစေတသိက်က ပညာစေတသိက်နှင့်အတူတကွ ယှဉ်တွဲဖြစ်ပေါ်မှုဖြစ်ပါသည်။ ယင်းသညာနှင့် ပညာကို သတိစေတသိက်ကပါ ယှဉ်တွဲလာသောအခါ ဝီရိယစေတသိက်က တစ်ဖတ်တည်းဖတ်၊ တစ်မှတ်တည်းမှတ်ဖို့ အမြဲတမ်းတက်ကြွစွာ ဦးဆောင်နေပါတော့သည်။

မြတ်

ယင်းသို့သော စိတ်ပိုင်းဆိုင်ရာ အသစ်ဖြစ်ထွန်းမှု၏ရလဒ်များအဖြစ် မိမိကိုယ်မိမိ ယုံကြည်လာမှု၊ လူတောထဲဝင်ရဲလာမှု၊ အခက်အခဲတစ်ရပ်အပေါ် အဖြေကို ဖွေရှာနိုင်စွမ်းရှိလာမှု၊ စိတ်ဓာတ်၏ အကောင်းမြင်ဒဿနများ တိုးပွားလာမှု၊ ဘဝကို ပြုပြင်တည်ဆောက်နိုင်စွမ်းများ မြင့်မားလာမှု၊ ဘဝတစ်ခုလုံး မဆုံးရှုံး၊ မနိမ့်ကျ၊ မသိမ်ငယ်ဘဲ မြင့်မားလာမှု၊ အနေတတ်၍ မြတ်လာမှုစသည့် အကျိုးတရားများ တိုးပွားခံစားလာကြရပါတော့သည်။

ပစ္စုပ္ပန်ဘဝအနေတတ်၍ အမြတ်ရလာအောင် စာကပေးစွမ်းနိုင်သကဲ့သို့ အနာဂတ်သံသရာဘဝများပါ အမြဲမြတ်နေစေမည့် စာများကို ဓမ္မစာပေက ဧကန်ဧကေ ဆောင်နှင်းပေးအပ်နိုင်သောကြောင့် ဓမ္မစာပေများအထိပါ တက်လှမ်းဖတ်မှတ်ရင်း မြတ်သော အနာဂတ်ကို တင်ကြိုပိုင်စိုးနေကြရပါမည်။

တတ် ဖတ် မှတ် မြတ်

စာတတ်လျှင် စာဖတ်ရမည်။ ဘယ်စာကိုဖတ်ရမှာလဲ မေးဖွယ်မရှိ။ တွေ့သည့်စာကို ဖတ်ဖို့ပဲဖြစ်၏။ ဖတ်ရင်း ဖတ်ရင်း စိတ်ဝင်စားဖွယ်စာတွေ တွေ့သိလာမည်။ စာထဲမှာရှိသော ပညာတွေရရှိလာမည်၊ စာထဲမှာရှိသော အလိမ္မာတွေ နှလုံးသားသို့ စီးဝင်လာမည်။ မှတ်ဖွယ်တွေ၊ ဆောင်ဖွယ်တွေ၊ ရှောင်ဖွယ်တွေနှင့်တကွ ဘဝနေနည်းတွေ ဘဝထဲစိမ့်တည်လာမည်။ ယင်းသည်ပင် အမြတ်ဖြစ်လေတော့၏။

ဘဝမြတ်ဖို့ စာဖတ်စို့။ ။

စာတတ်သူဖတ်ဖို့ နေရာများဖြစ်သည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအပါအဝင် ရပ်ကွက်စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ၊ စာပေဝါသနာရှင်တွေ ပေါင်းစည်းထူထောင်ထားသည့် စာကြည့်တိုက်များ၊ ဝါသနာနှင့် စေတနာသာမက ခနဉစ္စာပါရင်းနှီးတည်ထောင်ထားသည့် ကိုယ်ပိုင်စာကြည့်တိုက်များ စသည်ဖြင့် စာကြည့်တိုက်များတည်ရှိလာရေး၊ တိုးပွားလာရေး၊ စာကြည့်တိုက်များ၌ မီဒီယာပစ္စည်းများ ပြည့်စုံလာရေးတို့အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသော ကောင်းသတင်းများကို မကြာခဏ သတင်းစာများ၌ ဖတ်ရှုသိရှိနေရခြင်းကလည်း ဖတ်အားတွေ တိုးစေဖို့ဖြစ်၏။

(28-2)06.pmd 1 2/28/2011, 2:09 AM

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော်   ဖေဖော်ဝါရီ   ၂၇

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းနေလင်းသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ စစ်မြေပြင်ဆေးတပ်ရင်း ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပသော (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်) ကျောင်းအစည်းအဝေးခန်းမ၌ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

LOLANE ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန်   ဖေဖော်ဝါရီ   ၂၇

GRAND WYNN GROUP OF COMPANIES က ၂၀၁၀ ခုနှစ်အတွက် LOLANE, RICO & RINA အလှကုန်ပစ္စည်းများ၊ BUTTER CUP & MOTHER'S CHOICE MARGARINE နှင့် မုန့်လုပ်ငန်းသုံးပစ္စည်းများ ရောင်းအား အကောင်းဆုံးဆုချီးမြှင့်ပွဲနှင့် LOLANE ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ CHATRIUM HOTEL ၌ ကျင်းပရာ ရှေးဦးစွာ CHAIRMAN ဦးလှဝင်း ကိုယ်စား GENERAL MANAGER ဦးအယ်(လ်)လမိန်းဒိန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် NATIONAL SALES & MARKETING MANAGER ဦးသိန်းထိုက်က ၂၀၁၀ ခုနှစ်အတွက် LOLANE, RICO & RINA အလှကုန်ပစ္စည်းများ၊ BUTTER CUP & MOTHER'S CHOICE MARGARINE နှင့် မုန့်လုပ်ငန်းသုံးပစ္စည်းများ ရောင်းအားအကောင်းဆုံး ဖြန့်ဖြူးရောင်းချပေးခဲ့သည့် အရောင်းကိုယ်စားလှယ်ကြီးများနှင့် လုပ်ငန်းရှင်ကြီးများအား ဆုချီးမြှင့်ရခြင်းနှင့် ၂၀၁၁ ခုနှစ်အတွက် အသစ်ထပ်မံ ထုတ်လုပ်လိုက်သည့် ဆံပင်သားအရောင် တိကျစွာ ရရှိစေသည့် LOLANE PIXEL HAIR COLOR၊ ဆေးဆိုးရန်အချိန် သီးသန့်ပေးစရာမလိုဘဲ အလွယ်တကူခေါင်းလျှော်လိုက်ရုံဖြင့် ဦးရေပြားကို ထိခိုက်ခြင်းမရှိဘဲ ၅ မိနစ်အတွင်း ဆံပင်ဆံသားကို ပြန်လည်နက်မှောင်သွားစေမည့် NATURE CODE COLOR SHAMPOO နှင့် VITAMIN " E" အပြည့်အဝပါဝင်သော RINA HAIR COAT နှင့် တစ်နေကုန် ချွေးအနံ့ဆိုးများကို ဖယ်ရှားပေးပြီး ချိုင်းသားကို ဖြူစေသည့် RICO & RINA ROLL ON အလှကုန်ပစ္စည်းများနှင့် ကိုလက်စထရော မပါဝင်ဘဲ ဗီတာမင်အပြည့်အဝ ပါဝင်သော လူမျိုးမရွေး ဘာသာမရွေး အသင့်စားသုံးနိုင်သော BUTTER CUP အမှတ်တံဆိပ် ထောပတ်ကုန်ပစ္စည်းအသစ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၁၀ ခုနှစ်အတွက် LOLANE အလှကုန်ပစ္စည်းများ၊ RICO & RINA အလှကုန် ပစ္စည်းများ၊ BUTTER & MOTHER'S CHOICE MARGARINE နှင့် မုန့်လုပ်ငန်းသုံးပစ္စည်းများကို အများဆုံးဝယ်ယူဖြန့်ဖြူး ရောင်းချပေးခဲ့သော အရောင်း ကိုယ်စားလှယ်ကြီးများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသော CUSTOMER များ၊ အနုပညာရှင်များ၊ စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်ကြီးများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအား အမှတ်တရ လက်ဆောင်များနှင့် ကံစမ်းမဲဖွင့်ပေးသည်။

အခမ်းအနား အထိမ်းအမှတ်အနေဖြင့် LOLANE PIXEL HAIR COLOR, NATURE CODE COLOR SHAMPOO နှင့် RINA HAIR COAT, RICO & RINA ROLLON အလှကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

GRAND WYNN GROUP OF COMPANIES သည် နိုင်ငံတကာ အဆင့်မီ အရည်အသွေးမြင့်မားသော ဆံပင်နှင့် အသားအရေထိန်းသိမ်းခြင်းဆိုင်ရာ LOLANE နှင့် RICO & RINA အမှတ်တံဆိပ် HAIR, BODY & SKIN CARE အလှကုန်ပစ္စည်းများ၊ BUTTER CUP & MOTHER'S CHOICE MARGARINE နှင့် မုန့်လုပ်ငန်းသုံးပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိရာ ကိုယ်စားလှယ်ရယူလိုပါက GRAND WYNN GROUP OF COMPANIES အမှတ် (၄၀) (၆၇)လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၀၄၅၊ ၂၉၀၁၇၀၊ ၂၉၁၃၁၈ နှင့် Email: grandwynn@mptmail.net.mm သို့ အသေးစိတ် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

GRAND WYNN GROUP OF COMPANIES က ၂၀၁၀ ခုနှစ်အတွက် LOLANE, RICO & RINA အလှကုန်ပစ္စည်းများ၊ BUTTER CUP & MOTHER'S CHOICE MARGARINE နှင့် မုန့်လုပ်ငန်းသုံးပစ္စည်းများ ရောင်းအားအကောင်းဆုံးဆုချီးမြှင့်ပွဲနှင့် LOLANE ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ CHATRIUM HOTEL ၌ ကျင်းပစဉ်။

(သတင်းစဉ်)

တောင်သာမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရန်ကုန်   ဖေဖော်ဝါရီ   ၂၇

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ စက်မှုဓမ္မာရုံ၌ ကျင်းပရာ တောင်သာမြို့နယ်အသင်း နာယက အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီနှင့် မိသားစုများ၊ အလှူရှင်များ၊ အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြပြီး တောင်သာမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အသင်းနာယက ဝန်ကြီး ဦးအောင်သောင်းက တောင်သာဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် အသင်းရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန် လိုအပ်ပုံများကို မှာကြားသည်။

ထို့နောက် အသင်းအတွင်းရေးမှူး ဦးလှမော်က အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားအတည်ပြုချက် ရယူပြီး အလှူရှင်များက အသင်းရန်ပုံငွေ ကျပ်သိန်း ၆၀ ကို အသင်းဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် မောင်ဉာဏ်တင့်လွင်နှင့် မောင်ကောင်းကင်ကိုကိုတို့အား လည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦးတို့အားလည်းကောင်း အသင်းနာယက ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီနှင့်မိသားစုများ၊ အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ဆုများ ကို ပေးအပ်ကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌက အသင်း၏ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်သာ မြို့နယ်အသင်း နာယက အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်သာ မြို့နယ်အသင်း(ရန်ကုန်)၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနား၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၂-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	"သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈း၁၀	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၂၀	၈။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၃၀	၉။	အဆိုပြိုင်ပွဲ
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"
၄း၄၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၄း၅၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅	၇။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
၅း၁၅	၈။	မြန်မာစာ၊ မြန်မာစကား
၅း၃၀	၉။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၁၂)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၁၈။	"ကမ္ဘာကျော်သရုပ်ဆောင်များ" (အပိုင်း-၁၃)
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်စရာအိပ်မက်ကမ္ဘာ"(အပိုင်း-၆)**
	၂၀။	အစီအစဉ်ပြီး၏။

တောင်ကြီးကွန်ပျူတာတက္ကသိုလ် ယာဉ်စည်းကမ်းဟောပြော

တောင်ကြီး   ဖေဖော်ဝါရီ   ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှု ကော်မတီက ကြီးမှူး၍ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို တောင်ကြီးမြို့နယ် ကွန်ပျူတာတက္ကသိုလ်ခန်းမ၌ ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပရာ ယာဉ်ထိန်းဌာနမှ ဒုတိယရဲမှူးတင်စိုးရှိန်က စည်းကမ်းမလိုက်နာမှုကြောင့် ဖြစ်လေ့ရှိသော ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုများကို လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်စီးသူများ အပါအဝင် လမ်းအသုံးပြုသူများ လိုက်နာရမည့် အချက်အလက်များကို Projector Laptop ဖြင့်လည်းကောင်း ပြောကြားခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** (ပြည်နယ် ကညန)

ရန်ကုန်မြို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ရွာသာကြီး ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ်နှင့် ဘဝသစ်စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဌေးကျော်နှင့် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ယဉ်သွယ်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(၅၄၄)

ပခုက္ကူ-မတူပီကားလမ်း၌ ယာဉ်တစ်စီးချောက်ထဲကျ နှစ်ဦးသေဆုံး၊ ၁၀ ဦး ဒဏ်ရာများရရှိ

နေပြည်တော်   ဖေဖော်ဝါရီ   ၂၇

ပခုက္ကူမြို့မှ မတူပီမြို့သို့ ထွက်ခွာလာသော မီနီဘတ်စ် မှန်လုံယာဉ်တစ်စီးသည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၂ နာရီကျော်ခန့်တွင် ပခုက္ကူ-မတူပီကားလမ်း မိုင်တိုင်အမှတ် (၇၇/၆) ကုန်းတက်၌ ဂီယာချိန်းရာမှ ဂီယာမဝင်ဘဲ နောက်ပြန်လိမ့်ကျပြီး ပေ ၅၀ အနက်ရှိ ချောက်ထဲသို့ ထိုးကျသွားခဲ့ကြောင်း၊ ချောက်အတွင်း မော်တော်ယာဉ်ထိုးကျသွားမှုကြောင့် ယာဉ်ပေါ်ပါခရီးသည် ၁၈ ဦးအနက် နှစ်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဒဏ်ရာရလူနာများအား ကျောက်ထုမြို့နယ် ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိပြီး ယာဉ်မောင်း အောင်နိုင်စိုးအား ကျောက်ထုရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း၊ ယခုဖြစ်စဉ်တွင် ယာဉ်၏ ဂီယာချွတ်ယွင်းမှုကြောင့် မလိုလားအပ်ဘဲ လူသေဆုံး၊ ဒဏ်ရာရရှိခြင်း၊ ယာဉ်ပျက်စီးခြင်း၊ အရေးယူခံရခြင်းဖြစ်ရသဖြင့် "ယာဉ်မထွက်မီ ယာဉ်ကြံ့ခိုင်ရေး မမေ့မလျော့စစ်ဆေးဆောင်ရွက်ပါက အလားတူဖြစ်ရပ် ဖြစ်ပွားမည်မဟုတ်ကြောင်း" ဖြင့် နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီဝင်တစ်ဦးက ဝေဖန်ပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးခင်မောင်မြင့် အရာထမ်းဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်အစည်းအဝေးခန်းမ၌ အရာထမ်းဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာ၌ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ ပစ္စည်းစီမံရေးနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ရုံးလုပ်ငန်းနှင့် စပ်လျဉ်း၍ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဆိုင်ရာ ကိစ္စရပ်များကို အကျယ်တဝင့်မှာကြားသည်။

ယင်းနောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျွမ်းကျင်သူ(ပညာရှင်) ဒေါက်တာစန်းဦး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်တို့က သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအသီးသီးအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်တို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို နံနက် ၁၁ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖**မျိုးသုဉ်းရန်အစိုးရိမ်ရဆုံးမှ**

ကမ္ဘာ့တောင်ဘက်ခြမ်း နိုင်ငံများသို့ ဆောင်းခိုရန် လာရောက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းငှက်ကို ၂၀၀၈ခုနှစ်မှ စတင်ပြီး လေ့လာသုတေသနပြုလုပ်ခဲ့ကြောင်း သိရသည်။

"ရေညှော်နှုတ်ဝိုင်းငှက်ဟာ မျိုးသုဉ်းဖို့ အသည်းအသန် အခြေအနေ၊ နောက်ပိတ်ဆုံးအခြေအနေကို ရောက်နေတဲ့ ငှက်ဖြစ်တယ်။ တစ်ကမ္ဘာလုံးမှာ ကောင်ရေ ၅၀၀ လောက်ပဲရှိတော့တယ်။ ဒါကိုမှ ဆက်မထိန်းရင် မျိုးသုဉ်းတော့မယ်" ဟု ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း (BANCA) မှ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာထင်လှက ရေညှော်နှုတ်ဝိုင်းငှက် လက်ရှိအခြေအနေနှင့် ပတ်သက်ပြီး ရှင်းပြသည်။

ယင်းငှက်သည် မိုးကာလတွင် ရုရှားနိုင်ငံ၌သားပေါက်ပြီး ဆောင်းရာသီတွင် ဆောင်းခိုရန်အတွက် မြန်မာနိုင်ငံ အပါအဝင် အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူစသည့် နိုင်ငံများသို့ လာရောက်ခြင်းဖြစ်သည်။

ထိုသို့လာရောက်ရာတွင် လမ်းတစ်လျှောက် ဖြတ်သန်းလာရသည့် ခရီးကွာဝေးခြင်း၊ ဖြတ်ကျော်လာရသည့်နိုင်ငံများမှ ဖမ်းဆီးခြင်းတို့ကြောင့်လည်း ယခုကဲ့သို့ မျိုးသုဉ်းရသည့် အခြေအနေသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ ဒေါက်တာထင်လှက"ဒီငှက်ကစာကလေးသာသာပဲရှိတယ်။ သူပျံသန်းရတဲ့ ခရီးကဝေးတယ်။ ပြီးတော့ သူဖြတ်သန်းခဲ့တဲ့ နိုင်ငံတစ်ခုက ကလေးတစ်ယောက်က လေးခွနဲ့ပစ်လိုက်လို့ တစ်ကောင် သေသွားတယ်ဆိုရင်ပဲ တစ်ကမ္ဘာလုံးမှာရှိတဲ့ ၅၀၀ပုံတစ်ပုံဟာ သေသွားပါပြီ။ အဲလိုပစ်တဲ့သူ အယောက် ၁၀၀ ရှိမယ်ဆိုရင် ၂၅ရာခိုင်နှုန်း သေသွားပါမယ်။ငှက်မုဆိုးတစ်ယောက်က တစ်ညတည်း ထောင်လိုက်လို့ အကောင် ၅၀ ရတယ်ဆိုရင် ရှစ်ပုံပုံ တစ်ပုံသေသွားပြီ။ ဒါဟာ တစ်ခဏချင်းဖြစ်သွားတာ။ အဲဒီတော့ ဒီငှက်ကို ထိန်းသိမ်းရတာခက်ပါတယ်။ မြန်မာတစ်နိုင်ငံတည်း ထိန်းလို့မရပါဘူး၊ အားလုံးဝိုင်းဝန်းထိန်းသိမ်းမှ ရမှာပါ"ဟု ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ရေညှော်နှုတ်ဝိုင်းငှက် အဓိကကျက်စားရာ မုတ္တမပင်လယ်ကွေ့ဒေသတွင် နေထိုင်သူများ ငှက်ထောင်ဖမ်းခြင်းလုပ်ငန်းကိုလုပ်ကိုင်ခြင်းမပြုစေရန်အတွက် အသိပညာပေးခြင်း၊အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် အထောက်အပံ့ ပေးခြင်းတို့ကိုလည်း လုပ်ဆောင်ပေးခြင်းဖြင့် ထိန်းသိမ်းမှုလုပ်ဆောင်နေကြောင်း၊ ရေညှော်နှုတ်ဝိုင်းငှက်ဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများအားလုံး ပူးပေါင်းထိန်းသိမ်းမှသာ မျိုးသုဉ်းခြင်း အန္တရာယ်မှရှောင်လွှဲနိုင်မည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက အလျင်အမြန် မျိုးသုဉ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ရေညှော်နှုတ်ဝိုင်းငှက် လေ့လာသုတေသနပြုစစ်တမ်းကောက်ယူခြင်းကို ၂၀၀၈ခုနှစ်၊ ၂၀၀၉ခုနှစ်နှင့် ၂၀၁၀ခုနှစ်များတွင် ပြုလုပ်ခဲ့သည်။ ထိုသို့ပြုလုပ်ရာတွင် ရေညှော်နှုတ်ဝိုင်းငှက်များ ပြန်လည်ဖော်ထုတ်ရေးအဖွဲ့များဖြစ်သည့် Arc Cona Consulting(UK)၊ JAWAN(Japan)၊ RBCU(Russia)၊ BCST(Thailand)နှင့် မြန်မာနိုင်ငံမှ BANCA၊ MBNS တို့ ပူးပေါင်းရှာဖွေဖော်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငှက်များမှတစ်ဆင့် ဝတ်မှုန်ကူးခြင်းဖြင့် ကမ္ဘာပေါ်ရှိစိုက်ပျိုးသီးနှံအပါအဝင် သဘာဝပေါက်ပင်များ၏ ထက်ဝက်ခန့် အပင်မျိုးပွားမှုပြုနိုင်ခြင်း၊ အချို့အပင်များ၏ အစေ့များကို ငှက်များစားသုံးပြီး ကိုယ်တွင်းဇီဝကမ္မပြောင်းလဲမှုကြောင့် အပင်ပေါက်မျိုးပွားနိုင်ခြင်း၊ စိုက်ပျိုးသီးနှံနှင့် သဘာဝပေါက်ပင်များတွင် ကျရောက်သော အင်းဆက်ပိုးမွှားများနှင့် သီးနှံဖျက်ဆီးစားသောက်လေ့ရှိသော ကြွက်များကို ငှက်များစားသုံးခြင်းဖြင့် သီးနှံထုတ်လုပ်မှုနှင့် သဘာဝပေါက်ပင် ရှင်သန်မှုကို အထောက်အကူပြုလုပ်ပေးခြင်းစသည့် အကျိုးကျေးဇူးတို့ ရရှိမည်ဖြစ်ပြီး ကမ္ဘာပေါ်တွင် ငှက်များ မျိုးသုဉ်း ပျောက်ကွယ်သွားပါက လူသားတို့ကို အကျိုးပြုနေသည့် အခန်းကဏ္ဍသည်လည်း ပျောက်ဆုံးသွားမည်ဖြစ်သည်။ ။



မျိုးသုဉ်းပျောက်ကွယ်ရန် အစိုးရိမ်ရဆုံး ငှက်မျိုးစိတ်ဖြစ်သည့် ရေညှော်နှုတ်ဝိုင်းငှက်ကို တွေ့ရစဉ်။

ဆောင်းခိုငှက်များ နေထိုင်ကျက်စားနေပုံ။



တောင်ပိုင်းဒေသများ ညအပူချိန်များ တိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ထားဝယ်မြို့တွင် ၁ ဒသမ ၀၂ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂၈ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရှိ ယာဉ်၊ စက်၊ ယန္တရားများ၏ လုပ်ငန်းခွင်ဝင်နိုင်ရန် ပြုပြင်နေမှုအခြေအနေများကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်မြင့်မားရေး ဆွေးနွေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးတို့ ပူးပေါင်း၍အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်မြင့်မားစေရေးတို့နှင့် စပ်လျဉ်းသည့် ဆွေးနွေးဟောပြောပွဲ (Seminar on Promotion of Industrial Development (especially SME) and the role of Foreign Direct Investment Enterprises)ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E Mr. Takashi SAITO နှင့် အသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အမှာစကားပြောကြားကြသည်။ ယင်းနောက် Vietnam Economic Research Institute (VERI) Japanနိုင်ငံ Research Director နှင့် Organization for SME & Regional Japan (SMRJ) ၏ International Business Director, Mr. Tatsuya Hoshino က "Promotion of Industrial Development (especially SME) and the role of Foreign Direct Investment Enterprises" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးအောင်ခင်မြင့်က " Current Situation and Issue of SME, concerning with Special Economic Zone Law and FDI "ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောကြပြီး ဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင် မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်နှင့် ဂျပန်သံရုံးတို့ ပူးပေါင်း၍ Seminar on Promotion of Industrial Development (especially SME) and the role of Foreign Direct Investment Enterprises ဟောပြောပွဲ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

(28-2)08.pmd 1 2/28/2011, 2:09 AM

■ **ကျောဖုံးမှ**

ရှေးဦးစွာ တိုက်နယ်ဆေးရုံ အဆောက်အအုံမှခ်ဦးရှေ့၌ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ကြီး ဦးစိုးနိုင်၊ မလေးရှား နိုင်ငံသံအမတ်ကြီးနှင့် မလေးရှားအလုပ်အမှုဆောင်အဖွဲ့ဝင်တို့က ကျုံဒါး (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဆေးရုံအတွင်းရှိ ဓာတ်ခွဲခန်း၊ အမျိုးသားလူနာ ကုသဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ အမျိုးသမီးလူနာ ကုသဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ဆက်လက်၍ မာစီမလေးရှားက ကျန်းမာရေးဦးစီးဌာနသို့ တိုက်နယ်ဆေးရုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဆေးရုံရှေ့ရှိ မဏ္ဍပ်၌ ကျင်းပရာ မာစီမလေးရှားအလုပ်အမှုဆောင်အဖွဲ့ဝင် Mr.Norazam Ab Samah က ဆေးရုံ စီမံကိန်းအချက်အလက်များကို လွှဲပြောင်းပေးအပ်ပြီး ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မာစီမလေးရှားက ကျုံဒါး (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းနှင့် ဆေးရုံသုံး ပစ္စည်းကိရိယာများ၊ ပရိဘောဂများ အမေရိကန်ဒေါ်လာ ၃၂၆၈၆၀ ဖိုး အကုန်အကျခံ တည်ဆောက်ဖြည့်ဆည်း လှူဒါန်းပြီး ဒေးဒရဲမြို့နယ် ပြည်သူ့ဆေးရုံ သားဖွားခန်းနှင့် ခွဲစိတ်ခန်းတို့ကို တည်ဆောက်လှူဒါန်းသည်။ ထို့အပြင် တိုးကျေးလက်ကျန်းမာရေးဌာန၊ တော်ချိုက် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ သောင်တန်း ကျေးလက်ကျန်းမာရေးဌာနခွဲ၊ နေရောင်ကာ တိုက်နယ်ဆေးရုံ ဝန်ထမ်းနေအိမ်၊ မရမ်းအနောက် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ရွာတန်းရှည် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဆူးကလပ် ကျေးလက်ကျန်းမာရေးဌာနများ တည်ဆောက်ခြင်းနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများနှင့်ပရိဘောဂများ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၉၁၃၇၀၃ ဖိုးကို ဖြည့်ဆည်းလှူဒါန်းခဲ့သည်။

အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းများကို စွမ်းအားကုမ္ပဏီက တာဝန်ယူဆောက်လုပ်ပေးခဲ့ပြီး စွမ်းအားကုမ္ပဏီကလည်း အမေရိကန်ဒေါ်လာ ၃၅၉၄၃ ဖိုး ပါဝင်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများ အောင်တံခွန် ရေပေးဝေရေးစခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (၁၉)

အောင်တံခွန် ရေပေးဝေရေးစခန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်ပြီးစီးသည့် မင်္ဂလာဒုံမြို့နယ် တံခွန်တိုင်ကျေးရွာအနီး အမှတ်(၃)လမ်းရှိ အောင်တံခွန်ရေပေးဝေရေးစခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါ ရေပေးဝေရေးစခန်း၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးသန်းထိုက်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မြို့တော်ဝန်က ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ယင်းနောက် မြို့တော်ဝန်သည် ရေပေးဝေမှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မင်္ဂလာမဏ္ဍပ်၌ အခမ်းအနားကို ကျင်းပရာ မြို့တော်ဝန်က အောင်တံခွန်ရေပေးဝေရေးစီမံကိန်း တည်ဆောက်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဌာနမှူး ဦးသန်းထိုက်က တည်ဆောက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့တော်ဝန်က အောင်တံခွန် ရေပေးဝေရေးစခန်း တည်ဆောက်ရာ၌ ကူညီခဲ့ကြသည့် ဦးစိုးဝင်း-ဒေါ်သန်းသန်းခွဲ့ မိသားစု၊ ဦးဝင်းနိုင် (ဥက္ကဋ္ဌ ရွှေဟိန်းထက် ကုမ္ပဏီလီမိတက်)၊ ဦးကျော်ဝင်း(ဥက္ကဋ္ဌ ရွှေသံလွင်ကုမ္ပဏီလီမိတက်)၊ ဦးတင်ဇော်မင်း (ဒါရိုက်တာအဖွဲ့၊ နစ်ပို ဆောက်လုပ်ရေးလုပ်ငန်းစု) နှင့် ဦးဇော်ဇော်(ဥက္ကဋ္ဌ မက်စ်မြန်မာလုပ်ငန်း စုများ ကုမ္ပဏီလီမိတက်)တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဝန်ထမ်းများကိုယ်စား ဌာနမှူးအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

လှော်ကားရေလှောင်ကန်သည် နေ့စဉ် ရေပေးဝေမှုပမာဏ၏ ထက်ဝက်နီးပါးခန့် ရေပေးဝေနေရသဖြင့် ရေလှောင်ပမာဏ ပိုမိုရရှိစေရန် တစ်ရက်လျှင် ရေဂါလန် သန်း ၄၀ ဖြည့်သွင်းနိုင်ရေးအတွက် အောင်တံခွန် ရေပေးဝေရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ပြီး စီမံကိန်းပြီးစီးသွားသဖြင့် ရန်ကုန်မြို့ရှိ မြို့နယ်အသီးသီးသို့ သောက်သုံးရေ ပိုမိုဖြန့်ဝေပေးသွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၉)

မကွေးကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၁၉၆၄-၇၆ ခုနှစ် မကွေးကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ရန်ကုန်မြို့ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ ဆရာကြီး၊ ဆရာမကြီးများအား စုပေါင်းပူဇော်ကန်တော့ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကျောင်းအုပ်ကြီးများကိုယ်စား ဦးတင်ဦးလှိုင်၊ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဦးဘိုသောင်း၊ ဒေါ်မြမြဝင်းတို့က ဆုံးမသြဝါဒစကား မြွက်ကြားကြပြီး ကျောင်းသူ၊ ကျောင်းသားဟောင်းများ ကိုယ်စား ဒေါ်ခင်သန်းစိန်က ကျေးဇူးတင်စကား ပြောကြားကာ ပူဇော်ပွဲကျင်းပရေးအဖွဲ့ကိုယ်စား ဦးဘာဘာချိုမှ အဖွဲ့၏ ဆောင်ရွက်ချက်နှင့် သဘောထား အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းများနင်းမိသဖြင့် အပြစ်မဲ့ပြည်သူများ ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ပြွန်တန်ဆာမြို့ ချောင်းအင်းရွာနေ ဦးဖိုးရွှေသည် ရွှေကျင်မြို့သို့ တောင်ယာလုပ်ငန်း သွားရောက်လုပ်ကိုင်စဉ် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၆ နာရီခွဲခန့်တွင် မြို့၏ အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာ၌ KNU အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိသဖြင့် ဘယ်ခြေချင်းဝတ် အထက်ပိုင်းမှပြတ် ဒဏ်ရာရရှိခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နေ မောင်နေလင်းအောင်သည် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့သို့ ရှောက်ခြံစိုက်ပျိုးရေး လုပ်ငန်း သွားရောက်လုပ်ကိုင်စဉ် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီခန့်တွင် မြို့၏ အရှေ့တောင်ဘက် ခုနစ်မိုင်ခန့်နေရာ၌ KNU အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် ဘယ်ခြေချင်း ဝတ်ပြတ် ဒဏ်ရာရရှိခဲ့သည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး မဒေါက်မြို့နေ ဦးအားမင်သည် ရွှေကျင်မြို့သို့ ဝါးခုတ်ရန် သွားရောက်စဉ် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီခန့်တွင် မြို့၏ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ၌ KNU အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် ညာခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသူများအား ရွှေကျင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှူး ယစ် ဆန့် ကျင် အောင် ပွဲ ဆင်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၂-၂၀၁၁ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ရေနံချောင်းဆရာတော်ဘဒ္ဒန္တဇနိတ ဟောကြားတော်မူသော" တရားတော်
- ၆း၄၀ ထူးခြားသောဘူမိအနေထားနှင့် ဖူးမဝသောကျိုက်ထီးရိုးစေတီ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၈)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၄၅)**
- ၈း၄၀ Myanmar Casual Wear Super Star Singing Contest (Part-3)
- ၉း၂၅ MRTV-4ကျန်းမာရေးကဏ္ဍ (သွားတုတပ်ဆင်ခြင်းသိကောင်းစရာ)
- ၉း၅၅ Activities In The City -အလက(၃) တောင်ဥက္ကလာပ၏အာစရိယ ပူဇော်ပွဲ - Myanmar Big Shops Shopping Centre ဖွင့်ပွဲ
- ၁၀း၂၅ ယဉ်ကျေးလိမ္မာတတ်သိစေတာ အောင်ပရဟိတမှာ
- ၁၀း၃၅ The Champion of Dance
- ၁၁း၁၅ Celebrity Choice (အိမ့်ချစ်)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ Activities In The City (Kembangan Group Of Clinics မှ ကြီးမှူးကျင်းပသောဟောပြောပွဲ အခမ်းအနား)
- ၁၂း၂၅ ရန်ကုန်မြင်ကွင်းကျယ် (Online Expoဆုချီးမြှင့်ပွဲနှင့် Online Shopping Mall မိတ်ဆက်ပွဲ)
- ၁၂း၄၀ Activities In The City အထက(၁)သန်လျင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
- ၁း၀၀ "ရေနံချောင်းဆရာတော်ဘဒ္ဒန္တဇနိတ ဟောကြားတော်မူသော" တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ FMF Selection
- ၂း၅၅ ထူးချွန်သူများမွေးဖွားပေးရာ SDEC ပါ. . .
- ၃း၁၀ **ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာမေသက်လွင်) (Crown Fashion)**
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၈)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၄၅)**
- ၄း၅၅ မြို့လုံးကျွတ်ဆင်နွှဲတဲ့ ကျိုက်ပျော်ရဲ့ အာစရိယပူဇော်ပွဲ
- ၅း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၄၅ ဗီဒီယိုပြခန်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk **(စာရေးဆရာကျော်ဦး၊ မျိုးမြတ်သူ)**
- ၆း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၂၉)**
- ၇း၃၅ Super Star Singing Contest မှ မွေးဖွားလာတဲ့ကြယ်ပွင့်များ
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စာပန်းအိမ်၏သမိုင်းသစ်
- ၈း၅၀ စကားနပန်း (ကဂျီ ကကျောင်ကျတာ ကောင်းတယ်၊ ကဂျီ ကကျောင်မကျတာ ကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၆)**
- ၁၀း၁၀ အနုပညာမိုးကောင်းကင်
- ၁၀း၃၅ လောကကိုအလှဆင်. . . ပန်းတို့၏သခင်
- ၁၀း၅၀ International Show Biz
- ၁၁း၀၅ အမြင်ဆန်းတင့်သပ်ရပ်ခဲ့ထည် အလှဆင်မယ်
- ၁၁း၂၀ ဈေးဝယ်လမ်းညွှန် (မြင့်မြတ်သူပိုးထည်ဆိုင်)
- ၁၁း၃၅ ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ သူ့ဘဝနှင့်သူ့လက်ရာ
- ၁၂း၀၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (မျိုးမင်းစိုးနှင့်တွေ့ဆုံခြင်း)
- ၁၂း၂၅ မိခင်လောင်းများအတွက် အာဟာရ (ဒေါက်တာလှကြည်)
- ၁၂း၃၅ Mega Star Talk ဇော်ဝင်းထွဋ်နှင့်တွေ့ဆုံခြင်း (အပိုင်း-၃)
- ၁း၀၅ ACTအေးချမ်းသာ ပရဟိတကျောင်း
- ၁း၃၅ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၂)
- ၂း၀၀ နုယဉ်ဆန်းထွင်ပန်းအလှဆင် ("S" ပုံသဏ္ဌာန်ပန်းအိုးထိုးနည်း)
- ၂း၃၅ ကြည်နူးစရာလက်ဆောင် အဖြာဖြာ (Face)
- ၂း၄၅ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
- ၃း၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၁၀ မက်မက်မောမော မက်မန်း
- ၄း၂၀ မြန်မာ့လက်မှု ယွန်းအနုပညာ
- ၄း၄၀ သာသနာ့ပျိုးခင်း
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၄	Stoke City - West Bromwich	ESPN (Live)

KNU အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိသဖြင့် အရပ်ယာဉ်တစ်စီးပျက်စီးပြီး ဒေသခံပြည်သူများ ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ကရင်ပြည်နယ် ဖာပွန်မြို့နယ် မဲသလွတ်ကျေးရွာမှ ယာဉ်မောင်း ဦးမြင့်ဇော်ဦး မောင်းနှင်လာသည့် အရပ်ယာဉ်တစ်စီးသည် ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ဖာပွန်မြို့၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ KNU အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် ယာဉ်ရှေ့ပိုင်း ပျက်စီးခဲ့ပြီး ယာဉ်မောင်းဦးမြင့်ဇော်ဦး၏ ဘယ်ဘက် ခြေမျက်စိ စုတ်ပြဲကာ ဘယ်ဘက်ခြေသလုံးရိုးကျိုး ဒဏ်ရာရရှိခဲ့ကြောင်း၊ လူနာအား ဖာပွန်မြို့ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးဝါး ကုသလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○ **ယဲလိုးစတုန်းမီးတောင်ကြီးမှ**

၂၀၀၄ ခုနှစ်နောက်ပိုင်းမှစ၍ ယဲလိုးစတုန်းမီးတောင်ကြီး၏ လှုပ်ရှားမှုသည် စံချိန်တင်မြင့်တက်လာပြီး မီးတောင်ကြမ်းပြင်၌ ဓာတ်ငွေ့စုဖွဲ့မှုသည် လွန်ခဲ့သည့်သုံးနှစ်မှစ၍ တစ်နှစ်လျှင် သုံးလက်မနှုန်းဖြင့် ပိုမိုမြင့်တက်လာကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ယဲလိုးစတုန်းမီးတောင်ကြီး၏ လှုပ်ရှားမှုကို စတင်မှတ်တမ်းယူခဲ့သော ၁၉၂၃ ခုနှစ်မှစ၍ မီးတောင်အောက်ခြေ၌ ဓာတ်ငွေ့စုဖွဲ့မှုနှုန်းအမြင့်ဆုံးဖြစ်သည်ဟုဆိုသည်။

လက်ရှိအချိန်တွင် မီးတောင်၏ချော်ရည်များသည် မြေအောက်အနက် ၁၀ ကီလိုမီတာခန့်တွင် ရှိနေခြင်းကြောင့် စိုးရိမ်ဖွယ်မလိုသေးသော်လည်း မြေမျက်နှာပြင်မှ ၂ ကီလိုမီတာနှင့် ၃ ကီလိုမီတာအကြားသို့ ချော်ရည်များ ရောက်ရှိလာပါက စိုးရိမ်ရသည့်အခြေအနေဟုဆိုနိုင်ကြောင်း ယူတားတက္ကသိုလ်မှ ဘူမိရူပပါမောက္ခ ရောဘတ်စမစ်က ပြောကြားသည်။

သုံးကြိမ်ပေါက်ကွဲခဲ့

ယဲလိုးစတုန်းမီးတောင်ကြီးသည် လွန်ခဲ့သောနှစ်ပေါင်း နှစ်သန်းက တစ်ကြိမ်၊ ၁ ဒသမ ၃သန်းကတစ်ကြိမ်နှင့် လွန်ခဲ့သော နှစ်ပေါင်း ၆၄၂၀၀၀ က တစ်ကြိမ် စုစုပေါင်း အဓိကပေါက်ကွဲမှုကြီး သုံးကြိမ်ဖြစ်ပွားခဲ့ဖူးသည်။

နောက်ဆုံးအကြိမ်အဖြစ် လွန်ခဲ့သောနှစ်ပေါင်း ၆၄၂၀၀၀က ပေါက်ကွဲခဲ့ရာတွင် ယဲလိုးစတုန်းမီးတောင်ကြီးမှ မှုတ်ထုတ်ခဲ့သော ပြာတန်းကြီးသည် အမြင့်ပေ ၃၀၀၀၀ အထိရောက်ရှိခဲ့ပြီး အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းနှင့် မက္ကဆီကိုပင်လယ်ကွေ့ဒေသများ၌ ဖုန်မှုန့်များ ဖုံးလွှမ်းခဲ့ရသည်။

အကယ်၍ ယဲလိုးစတုန်းမီးတောင် ထပ်မံပေါက်ကွဲခဲ့ပါက လေထုအဆိပ်သင့်မှုကပ်ဘေးဖြစ်ပေါ်၍ လူသန်းပေါင်းများစွာ အိုးအိမ်များ စွန့်ခွာရမည့်အရေးကို သိပ္ပံပညာရှင်များက စိုးရိမ်နေသည်။ ***အင်တာနက်။***

28-2)09.pmd 1 2/28/2011, 2:09 AM

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ဒုတိယအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲနှင့် အရိုးအထူးကုဆေးရုံ၌ကျင်းပသည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားများတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ဒုတိယအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်တွင် အဆိုပါတက္ကသိုလ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ချမ်းမြသာစည်မြို့နယ် အရိုးအထူးကုဆေးရုံကြီး၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တိုင်းရင်းဆေးသုတေသန ပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အရိုးအထူးကုဆေးရုံကြီး အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူတို့နှင့်အတူ အလှူငွေများပေးအပ်ပြီး အရိုးအထူးကုဆေးရုံအုပ်ကြီးက ဆေးရုံ၏ သမိုင်းကြောင်းနှင့် ကျေးဇူးတင်စကား ပြောကြားကာ တိုင်းမှူးသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေနဒီဈေးသစ်

လပွတ္တာမြို့ ရွှေနဒီ ရေပေါ်ဈေးသစ်အတွင်း ဈေးဆိုင်ခန်းများတည်ခင်း ရောင်းချနေမှု၊ ဈေးသူ ဈေးသားများ ရောင်းဝယ်ဖောက်ကားနေမှုကို ဖေဖော်ဝါရီ ၁၆ ရက်က တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

သိမ်ဇရပ်အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၁၉ ရက်(စနေနေ့) ညနေတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါကျောင်း၌ လုပ်သက်သုံးနှစ်နှင့်အထက် ပညာပို့ချပေးခဲ့ပြီး အသက် (၆၀) ပြည့်ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံကြွရောက်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ရန်ကုန်မြို့တွင် ဒေါက်တာမင်းအောင်ပန်း ဖုန်း-၀၉-၅၀၂၀၄၄၂၊ ဒေါက်တာဝင်းနောင် ဖုန်း-၀၉-၅၀၅၈၄၄၃၊ ဒေါက်တာအောင်ထက် ဖုန်း-၀၉-၅၀၅၉၂၈၅၊ ဦးမျိုးကြွယ် ဖုန်း-၀၁-၂၂၁၀၁၈၊ ဒေါ်ချောစု ဖုန်း-၀၉-၅၀၆၂၀၀၅၊ မော်လမြိုင်မြို့၌ ဦးသိန်းဌေး ဖုန်း-၀၉-၈၇၀၁၂၇၃၊ သိမ်ဇရပ်မြို့၌ ဦးထင်ပေါ် ဖုန်း-၀၅၇-၆၂၀၂၆၊ ဦးစွေ့ထင် ဖုန်း-၀၅၇-၆၂၁၉၅၊ ဦးမင်းအောင် ဖုန်း-၀၉-၄၉၂၁၅၉၉၃၊ ဦးသန်းဦး ဖုန်း-၀၅၇-၆၂၂၇၂၊ ဒေါ်ချိုချိုမာ ဖုန်း-၀၅၇-၆၂၀၂၃၊ ဒေါ်သီတာဦး ဖုန်း-၀၅၇-၆၂၁၉၉ နှင့် ဦးမြင့်စိုး ဖုန်း-၀၁-၇၀၆၂၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပျိုးဥယျာဉ် ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၇

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားရှိသော စိမ်းမြရေပန်းခြံရှိ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ရာသီအလိုက် ပျိုးထောင်ထားရှိမှုကို ဖေဖော်ဝါရီ ၂၂ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးနိုင်က ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာပို့စ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၉)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ရန်ကုန်မြို့ ၂၀ မြို့နယ်၌ ရှေးဟောင်းလက်ရာအဆောက်အအုံ စုစုပေါင်း ၁၈၉ လုံးရှိကြောင်းသိရသည်၊ ကျောက်တံတားမြို့နယ် အများဆုံး၊ ပန်းဘဲတန်းမြို့နယ် ဒုတိယအများဆုံး၊ ကမာရွတ်မြို့နယ် တတိယအများဆုံး မျက်နှာဖုံးအထူးသတင်းဆောင်းပါး၊ ရန်ကုန်လူထုအတွက် နေ့စဉ် ရေဂါလန် သန်း ၂၀ ဖြည့်ဆည်းပေးနိုင်မည့် အောင်တံခွန်စီမံကိန်း ပြီးစီးပြီဖြစ်၍ ဖွင့်လှစ်တော့မည်၊ ရန်ကုန်-စီရမ်ရှိ ခရီးစဉ်သစ်မှ ပြန်လည်ရရှိလာသော ဆိုက်ရောက်ဗီဇာကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာနိုင်၊ ထားဝယ်ရေနက်ဆိပ်ကမ်း လမ်းအူကြောင်းဖောက်လုပ်မှုအရှိန်အဟုန်မြှင့်၊ မီတာ ၂၂၀ ရှိ လမ်းမကြီး ထားဝယ်မြို့တွင်းမှဖြတ်မည်၊ ပြည်တွင်း GSM ဖုန်းများ နိုင်ငံခြားသယ်ဆောင်အသုံးပြုနိုင်ရန် ခေါ်ဆိုခနှုန်းထားများညှိနှိုင်းနေ စသည့် မျက်နှာဖုံးသတင်းများ၊ ပြည်စိုး၊ မော်ကျွန်းစိုးမြင့်၊ ဦးအောင်ကျော်ကျော် (ကျန်းမာရေးပညာ) တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အနုပညာသတင်းများ၊ နေပြည်တော်၊ ရန်ကုန်၊မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ သတင်းများ၊ မှုခင်းသတင်းများ၊ ပြည်တွင်းပြည်ပ အားကစားသတင်းများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းသို့ ဂျပန်နှင့် ထိုင်းလုပ်ငန်းရှင်ကြီးများ အလုံးအရင်း ဝင်ရောက်လာဖွယ်ရှိ၊ သဘာဝဘေးစီမံကိန်းခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အာဆီယံသဘောတူညီချက်ကို မြန်မာအပါအဝင် အာဆီယံနိုင်ငံများ၌ ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော်မည်၊ ဆေးနှင့်ဆေးဝါးပစ္စည်းတင်သွင်းမှုကဏ္ဍ၌ မြန်မာ-အိန္ဒိယပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်၊ ပုဂ္ဂလိကလုပ်ငန်းစုပိုင် လေယာဉ်ကိုယ်ထည်များ ရောင်းချသွားမည်၊ ကဏန်းကြမ်းခင်းဈေး ဒေါ်လာ ၂၀၀၀ ကျော်မြင့်တက်၊ တောင်သမန်အင်းနှင့် ပတ္တမြားမြေ မိုးကုတ်ဒေသခရီးစဉ်ဖော်ထုတ်မည်၊ ရန်ကုန်မြို့ရှိ အဆောက်အအုံ ၁၀ လုံးကို အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်၊ မတ်တစ်လတည်းအတွင်း နက္ခတ်ဆိုင်ရာ ထူးခြားမှု သုံးကြိမ်ကြုံတွေ့မည်၊ စုပေါင်းမျက်ကြည်လွှာ လှူဒါန်းပွဲကျင်းပမည် စသည့်သတင်းများနှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) တစ်နှစ်ပြည့် သတင်းဆောင်းပါးတို့ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ရွှေဘိုဘာမထီခင်အောင်၏ မြန်မာနိုင်ငံကြေးစားလက်ဝှေ့ သမိုင်းနှင့် အခြားဆောင်းပါးများ စာအုပ်ထုတ်ဝေမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အားကစားဝန်ကြီးဌာနက မြန်မာလူငယ်ထုအတွင်း လက်ဝှေ့အားကစားကို လေ့လာလိုက်စားစေရန် ရည်ရွယ်လျက် ရွှေဘိုဘာမထီခင်အောင်ရေးသားပြုစုသည့် မြန်မာနိုင်ငံကြေးစားလက်ဝှေ့သမိုင်းနှင့် အခြားဆောင်းပါးများစာအုပ်ကို မတ်လတတိယပတ်မှ စ၍ သုတစွယ်စုံစာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကြိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန။

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

ဝေါမြို့နယ် စည်ပင်သာယာရေးပိုင် မြို့မဈေးအတွင်း မီးဘေးကာကွယ်ရေးဆောင်ရွက်ထားရှိမှုနှင့် ဈေးလုံခြုံရေးမီးလိုင်းနှင့် ဆိုင်ခန်းမီးလိုင်းများ တပ်ဆင်ထားရှိမှုကို ဖေဖော်ဝါရီ ၄ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦး ဦးဆောင်သောဈေးမီးဘေးလုံခြုံမှုစစ်ဆေးရေးအဖွဲ့ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ကန့်ဘလူမြို့ မြို့မဈေးအတွင်း ရေမြောင်းများသန့်ရှင်းရေး ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးသစ်ထူးမြင့်နှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးတင်ထွန်းအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပလက်ဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် ပလက်ချောင်းဝ-မီးလက်ဝ-လိပ်ကုန်းကျေးရွာချင်းဆက် မြေသားလမ်း ခြောက်ဖာလုံ ဖောက်လုပ်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်ဝင်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်လွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဘုးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မင်းစောမွန်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်နှင့် အမှုဆောင်အရာရှိ ဦးစောဝေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

မာစီမလေးရှားက ဆောက်လုပ်လှူဒါန်းသော ကျုံဒါး(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်လှစ် လွှဲပြောင်းပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျုံဒါး(၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် တိုက်နယ်ဆေးရုံ အဆောက်အအုံမုခ်ဦးရှေ့၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr.Dato Mazlan Muhammad၊ မလေးရှားနိုင်ငံ မာစီမလေးရှားအလုပ်အမှုဆောင်အဖွဲ့ဝင် Mr.Norazam Ab Samah နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်၊ ရောဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ကျန်းမာရေးဦးစီးဌာနမှူးများ၊ ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ■

ယဲလိုးစတုန်းအမျိုးသားဥယျာဉ်အတွင်းရှိ ရေပူစမ်းတစ်ခုမှ ရေပူများနှင့် ရေနွေးငွေ့များ ပန်းထွက်နေသည်ကို တွေ့ရစဉ်။

အင်တာနက် သဘာဝဘေးအန္တရာယ်သတင်း — ဘာသာပြန် မောင်ငြိမ်း

ယဲလိုးစတုန်းမီးတောင်ကြီး မကြာမီကာလ၌ ပေါက်ကွဲနိုင်ဖွယ်ရှိ

ယဲလိုးစတုန်း ဖေဖော်ဝါရီ ၂၇

အမေရိကန်ပြည်ထောင်စု အနောက်မြောက်ပိုင်း ဝိုင်အိုမင်းပြည်နယ် ယဲလိုးစတုန်းအမျိုးသားဥယျာဉ်အနီးရှိ မီးတောင်ကြီးသည် စံချိန်တင်လှုပ်ရှားမှုဖြစ်ပေါ်မည့်လက္ခဏာများ ပြသလျက်ရှိပြီး ပေါက်ကွဲမှုဖြစ်ပွားပါက အမေရိကန်ပြည်ထောင်စုအကျယ်အဝန်း၏ သုံးပုံနှစ်ပုံသည် လူများမှီတင်းနေထိုင်၍ မရနိုင်သည့်နယ်မြေများ ဖြစ်လာနိုင်ကြောင်း ဘူမိရူပအစီရင်ခံစာတစ်စောင်က ဖေဖော်ဝါရီ ၂၅ ရက်တွင် ဖော်ပြသည်။

စာမျက်နှာ ၉ ကော်လံ ၆ သို့ ○

ဖဲကြိုးဖြတ် ဖွင့်လှစ်

ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ကြီး ဦးစိုးနိုင်၊ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr.Dato Mazlan Muhammad နှင့် မလေးရှားနိုင်ငံ မာစီမလေးရှား အလုပ်အမှုဆောင်အဖွဲ့ဝင် Mr. Norazam Ab Samah တို့ ဒေးဒရဲမြို့နယ် ကျုံဒါး (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)